မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၀)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လှည့်လည်ကြည့်ရှုစစ်ဆေး

သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောက်လုပ်ရေး မှာကြား



ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားရွာတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်-ရဲချုပ် ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က အားကစားသမား ၇၀၀၀ ခန့် တည်းခိုနေထိုင်နိုင်မည့် အားကစားရွာ၌ အဆောက်အအုံအလုံး ၁၀၀ တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ညဏ်ထွန်းတို့က ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိအဆင့်မြင့်အားကစားကွင်းများ တည်ဆောက်ပြီးစီးမှု၊ ရုံတွင်းအားကစားပြိုင်ပွဲ (Indoor Venue)များ ကျင်းပမည့် အဆောက်အအုံများနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်မှု၊ ရေကူးအားကစားပြိုင်ပွဲကျင်းပမည့် ရေကူးကန်နှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိအဆင့်မြင့်အားကစားကွင်းတို့ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့မှ အသိအမှတ်ပြုလက်မှတ်ရရှိသည့်ကွင်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ၂၀၁၃ ခုနှစ် နှစ်စပိုင်းတွင် အဆောက်အအုံများ ပြီးစီးအောင်ဆောက်လုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီရေး၊ အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ရေး၊ အားကစားအဆောက်အအုံများ ပြည့်စုံစွာ ပြီးစီးပြီးနောက် ပြည်တွင်းအားကစားပြိုင်ပွဲများ ကျင်းပ၍ ကွင်းကို စမ်းသပ်အသုံးပြုပြီး အားကစားပြိုင်ပွဲများတွင် လိုအပ်ချက်များရှိက ပြင်ဆင်စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မကုန်သင့်သည်များကို မကုန်ကျစေရန် စနစ်တကျသုံးစွဲရေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီအောင် တည်ဆောက်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်သွားရေး၊ တည်ဆောက်မှုပုံစံများ စံချိန်စံညွှန်းကိုက်ညီမှုရှိမရှိနှင့် ငွေကြေးသုံးစွဲမှု မှန်ကန်မှုရှိစေရေးအတွက် တည်ဆောက်ရေးအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးမှအဖွဲ့နှင့် ပြင်ပ ပညာရှင်များအဖွဲ့ အဖွဲ့သုံးဖွဲ့ပေါင်းစပ်၍ စစ်ဆေးစိစစ်ဆောင်ရွက်သွားရန်နှင့် တွေ့ရှိချက်များကို တင်ပြရေး၊ အဆိုပါအဖွဲ့၏ တွေ့ရှိချက်များကို တည်ဆောက်ရေးအဖွဲ့များက စနစ်တကျ လိုက်နာဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း အာကာသသုတ

ဝေဟင်အမြင့်ဆုံးမှ အလွတ်ခုန်ချကာ ကမ္ဘာ့စံချိန်တင်ရန် ကြိုးစားသူ

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

ဩစတြေးလျနိုင်ငံသား ဖီးလစ်ဘမ်ဂါနာသည် ဝေဟင်အမြင့်ဆုံးမှ အလွတ်ခုန်ချသူအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ရန် ကြိုးစားသည့်အနေဖြင့် နယူးမက္ကဆီကို ဝေဟင်အထက် အမြင့်ပေ ၇၁၅၀၀ မှနေ၍ မတ် ၁၅ ရက်က အောင်မြင်စွာ ခုန်ချနိုင်ခဲ့ကြောင်း မတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၄၂ နှစ်အရွယ်ရှိ ဖီးလစ်ဘမ်ဂါနာသည် ဝေဟင်အမြင့်ပေ ၇၁၅၀၀ မှ မြေပြင်သို့ခုန်ချရာတွင် မြေပြင်အနီးရောက်ရှိမှသာ လေထီးကိုဖွင့်ခဲ့ခြင်းဖြစ်ပြီး စတင်ခုန်ချချိန်မှ မြေပြင်သို့ရောက်ရှိသည့်အချိန်အထိ စုစုပေါင်း ၈ မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း၊ မြေပြင်သို့



ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

ဖီးလစ်ဘမ်ဂါနာသည် ယခုနှစ်ကုန်ပိုင်းတွင် ဝေဟင်အမြင့်ပေ ၁၂၀၀၀၀ မှ အလွတ်ခုန်ချရန် စီစဉ်လျက်ရှိရာ အဆိုပါအမြင့်မှ ခုန်ချနိုင်ရေးအတွက် ယခုအလွတ်ခုန်ချခြင်းကို ကြိုတင်ပြင်ဆင်မှုနှင့် စမ်းသပ်မှုတစ်ရပ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သူသည် ဝေဟင်အမြင့်ပေ ၁၂၀၀၀၀ မှ အလွတ်ခုန်ချနိုင်ပါက ဝေဟင်အမြင့်ဆုံးမှ ခုန်ချနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ❖

မင်းကွန်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုသွားရောက်လေ့လာ

ခင်လေးမြင့်အောင် - ရေးသားသည်

မင်းကွန်း မတ် ၁၇

မြန်မာနိုင်ငံမှ ထင်ရှားသည့် မင်းကွန်းဆရာတော်ကြီး၏ မွေးရပ်မြေ မင်းကွန်းဒေသသို့ ယခုလအတွင်း ကမ္ဘာလှည့်ခရီးသွား တစ်ရာဝန်းကျင် နေ့စဉ် ဝင်ရောက်လျက်ရှိခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားလာရောက်နှုန်း ယခင်နှစ်များထက် မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ကားအစီး ၂၀

"အရင်နှစ်တွေကလည်း လာပါတယ်။ ဒါပေမယ့် အခုလောက် ခရီးသည် မဝင်ဖူးဘူး။ အခုလက ရာသီဥတုကလည်း သိပ်မပူသေးတဲ့အပြင် လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာတော့ နိုင်ငံခြားသားတွေ တော်တော်များများလာကြတယ်။ တစ်နေ့ကို ကားအစီး ၂၀ လောက် ဝင်တယ်။

စာမျက်နှာ ၄ ကော်လံ ၅ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မတ် ၁၈ ရက်)

ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်မြှင့်တင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်ကြရာတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်ကောင်းရန် လိုအပ်၏။ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အားကောင်းပါမှ စက်ရုံ၊ အလုပ်ရုံများ တိုးပွားလာမည်။ နိုင်ငံတစ်ဝန်း စက်ရုံ၊ အလုပ်ရုံများ တစ်ဟုန်ထိုး တိုးတက်လာပါမှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားကာ တိုင်းပြည်တိုးတက်ရေးကို အထောက်အကူ ပြုနိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လည်းကောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက် လည်းကောင်း၊ ပြည်သူများ စားဝတ်နေရေးပြေလည်မှု ရရှိစေရန်အတွက် လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းကာ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင် ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်စေလျက်ရှိသည်။

လောလောဆယ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၃၆ ခု လုပ်ကိုင်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးထားပြီးဖြစ်သည်။ သို့သော်လည်း လုပ်ငန်း ၆၃၂ ခုသာ လည်ပတ်ဆောင်ရွက်နေ၏။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း ခွင့်ပြုမိန့် ၄၆၀ ထုတ်ပေးထားသည်။ သို့သော် လုပ်ငန်း ၂၇၅ ခုသာ လည်ပတ်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တင်ပြလျှောက်ထားလာသည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိသည်။ သို့သော်လည်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် ခွင့်ပြုမိန့် ရရှိပြီးဖြစ်သည့် လုပ်ငန်းများအပေါ် နှေးကွေးနေ၏။ လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လာစေရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရပေမည်။

ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား တန်းတူအခွင့်အရေးပေးထားသည်။ မှန်ကန်စွာ ဆောင်ရွက်နေသော လုပ်ငန်းများအား အကာအကွယ်ပေးထားသည်။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် ယခုအချိန်သည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရန် အချိန်ကောင်းအခါကောင်းဖြစ်၏။

ကုမ္ပဏီတစ်ခုနှင့်တစ်ခု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တစ်ခုနှင့်တစ်ခု **Quality Product** များ ထုတ်လုပ်ကာ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းရန်သာလိုတော့သည်။ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်သည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည်လည်း တဖြည်းဖြည်း ကြီးထွားလာမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံစာရင်းတွင် ပါဝင်သည်။ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ရန် လုပ်ငန်းများစွာလည်း ရှိ၏။ ယခုအခါ အစိုးရသစ်ပြောင်းလဲလာမှုနှင့်အတူ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း တဖြည်းဖြည်း စီးဝင်လာပြီဖြစ်သည်။ ဆက်လက်၍လည်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မကြာမီနှစ်များအတွင်း အများအပြား စီးဝင်လုပ်ကိုင်ကြရန် တာစူနေကြပြီ ဖြစ်သည်။ စောစောဝင်ရောက်လုပ်ကိုင်ကြသူများသည် မြန်မြန်ကြီးပွားကြပေလိမ့်မည်။ အခွင့်အခါသင့်တုန်း ရဲရဲဝံ့ဝံ့လုပ်ကိုင်ကြရန်သာ လိုတော့သည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်ကို မြှင့်တင်လုပ်ကိုင်ရန် အခွင့်ကောင်းအခါကောင်း၊ အချိန်ကောင်းဖြစ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်ကို ယခုထက် ပိုမိုမြှင့်တင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ်ဖွင့်ပွဲ မဒေါက်မြို့နယ်၌ ကျင်းပ

မဒေါက် မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရ ပဓာနနာယက ဆရာတော်ကြီး၏ သက်တော် (၇၉) နှစ်ပြည့် ဝိဇာတမွေးနေ့ကို ဂုဏ်ပြုပူဇော်သောအားဖြင့် ပန်းငွေရုံတော်ရုံကျောင်းဟောင်းအတွင်း ဆောက်လုပ်လှူဒါန်းသော အမှတ်(၆) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဆက်လက်၍ မဒေါက်မြို့ ပန်းငွေရုံဆရာတော်ဘဒ္ဒန္တသုမနာဘိဝံသ၊ ပန်းငွေရုံတောရကျောင်းတိုက် စာချဆရာတော် ဦးသောဘန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်ပညာရေးမှူး ဦးရဲလွင်၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ ကျောင်းအလှူရှင်များ ဖြစ်ကြသော ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)-ဇနီး ဒေါ်မူမူ၊ ဦးတင်အောင်စိုး-ဒေါ်ခိုင်ဝါဝါ မိသားစု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးမြင့်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှကြည်၊ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်မှာ အကျယ်ပေ(၉၀×၃၀) ကျယ်ဝန်းကာ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်တိုက်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းအဝင် ကွန်ကရစ် အုတ်လမ်းပေ (၃၅၀×၅)၊ ဆွမ်းချက်ဆောင် (၅၆×၂၅)ပေ၊ ချိန်းလင့်ခြံစည်းရိုး၊ မုခ်ဦး၊ သံပန်းတံခါးနှင့် အုတ်တံတိုင်းခြံစည်းရိုး ပေ ၁၂၀ တို့ကို အလှူရှင်များက စုပေါင်းလှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၃၈)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား အစ္စရေးသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၇

ဦးစိုးသန်း (EMERALD CROWN- AUTO PARTS & SERVICE CENTRE) သည် မတ် ၁၅ ရက်က ရန်ကုန်မြို့ ပန်းလှိုင်လင့်(စ်)(သန်လျင်) ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးကျော်ဝင်း (ရွှေဇီးကွက်ပါတိတ်)၊ ဦးဟန်ထွေး (ဖြိုးသာထူးဆေးဝါး)၊ ဦးစိုးညွန့် သစ်ထုတ်လုပ်ရေး (ငြိမ်း)၊ ဦးဝင်းတိုး (PERFORMER'S AREA) တို့နှင့်အတူ ကွင်းပတ်လေ့ကျင့်ကစားရာ၌ SRIXON (SOFT FEEL) No.2 ဂေါက်သီးအား HONMA Iron-5 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၇ ကိုက်အကွာရှိ ကျင်းအမှတ် (၄)သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Pipeline Company Limitedသည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအနီးရှိ မဒေကျွန်းဒေသတွင် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး မဒေကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို Pipe Lay Barge KUBER နှင့် အထောက်အကူပြု ရေယာဉ် MV Stanford Mermaid တို့ဖြင့် မတ် ၂၃ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

မဒေကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်းတည်နေရာများမှာ Gas Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀မိနစ် ၅၆စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၁မိနစ် ၂၇စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၄၄မိနစ် ၀၃စက္ကန့်၊ Oil Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၁မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၄၀မိနစ် ၅၆စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၁မိနစ် ၂၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၄၄မိနစ် ၀၃စက္ကန့်နှင့် Optical Fibre Cable Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၄၀မိနစ် ၅၅စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ မဒေကျွန်းမှ ကျင်းရီတောင်သို့သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို Pipe Lay Barge KUBER နှင့် အထောက်အကူပြုရေယာဉ် MV Stanford Mermaid တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လမ်းကြောင်းတစ်လျှောက် ရေယာဉ်မှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)တို့ ကြီးမှူး၍ နွေရာသီ ယဉ်ကျေးမှုသင်တန်းကို မတ် ၅ ရက်က ကျောက်တန်းမြို့ အေးစေတီပရိယတ္တိစာသင်တိုက်၊ ဉာဏသိဒ္ဓိကျောင်းဆောင်တွင် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)ဩဝါဒစရိယ အေးစေတီပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာသာမိက အဖွင့်ဩဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု၊ အခြေခံအင်္ဂလိပ်စာ၊ ပန်းချီဘာသာရပ်များကိုပို့ချပြီး သင်တန်းကာလမှာ ရက်သတ္တပတ်နှစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယဉ်ကျေးလိမ္မာ မြတ်ရတနာသင်တန်းဖွင့်မည်

ရွှေကျင် မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပထမအကြိမ် မြို့နယ်လုံးကျွတ် ယဉ်ကျေးလိမ္မာ မြတ်ရတနာသင်တန်း ဖွင့်လှစ်ရေး ဩဝါဒခံယူပွဲ အခမ်းအနားကို ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ဆင်ရုံတောရကျောင်း ဝိုင်းကြီး ဆရာတော် ဘဒ္ဒန္တမဏ္ဍလက ဩဝါဒကထာ ချီးမြှင့်သည်။ ဆက်လက်ပြီး ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်ဝင်းတို့က ဆရာကိုင်နှင့် သင်ရိုးစာအုပ် ၅၀၀၊ မြို့မိမြို့ဖ ဦးမောင်ပုံက အလှူငွေကျပ် ခြောက်သိန်း လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအုံးမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၏ ၆/အရှေ့ရပ်ကွက်လုံးဆိုင်ရာ အနန္တသုခမ္မာရုံတွင် မတ်၁၃ ရက် နံနက် ၁၁နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမင်းနောင်နှင့် ဝန်ထမ်းများ မိုးပွင့်အဆင့် (၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကိစ္စများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးရဲထွန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၂၀)**

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဇမ္ဗူသီရိအဆင့်မြင့်အားကစားရုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တည်းခိုနေထိုင်ရေးအဆောက်အအုံများ

နေပြည်တော်ရှိ အားကစားရွာ တည်ဆောက်ရေးစီမံကိန်း၌ အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် အဆောက်အအုံများ တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အားကစားရွာတွင် အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အားကစားရွာရှိ အဆိုပါ အဆောက်အအုံများ၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်ပြီးပါက ဝန်ထမ်းအိမ်ရာများအဖြစ် ဆက်လက်အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မက်စ်မြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဆင့်မြင့်အားကစားကွင်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်စပ်ပြိုင်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်နေမှုများနှင့် ပွဲကြည့်ပရိသတ် ၃၀၀၀၀ဆံ့ အားကစားကွင်း တည်ဆောက် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဇမ္ဗူသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိအဆင့်မြင့် အားကစားရုံ (Indoor Venue) များ တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိ နိုင်ငံတကာ အဆင့်မီ ရေကူးကန် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အဆင့်မြင့် အားကစားကွင်း

နေပြည်တော်ရှိ ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်း တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဂါရဝပြုကန်တော့

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့ နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဘိုးဘွားများအား ဂါရဝပြုကန်တော့စဉ်။ (သတင်းစဉ်)

နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာ(၅၅)ရွာမှ ပြည်သူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တွေ့ဆုံ

နေပြည်တော် မတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မတ် ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၅၅ ရွာမှ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ညောင်ပင်သာ၊ လျှော်ဖြူ ငွေးကုန်း၊ သန်းပင်တော၊ သာယာကုန်း ကျေးရွာများမှ အဘိုး အဘွား ၈၃ ဦး၊ နွားထိုးကြီးမြို့ပေါ် (၈)ရပ်ကွက် နှင့် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော မြေခြား၊ ဘူးသီးကျင်း၊ ထနောင်းပင်လဲ၊ ငွေးပင်တော၊ မိုးကန်၊ ညောင်ကုန်း ကျေးရွာများမှ အဘိုးအဘွား ၃၉၅ ဦး၊ ထန်းငူ (မြောက်)၊ ဝက်လူး၊ ပဲချက် ကျေးရွာများမှ အဘိုးအဘွား ၁၄၁ ဦး၊ ရွာကြီး၊ ရွာသစ်၊ ကံရွာ၊ ကုန်းသာ၊ နန္ဒင်းတော်ဘိုး ကျေးရွာများမှ အဘိုးအဘွား ၁၂၅ ဦး၊ လုံးတော၊ သမန်းတော၊ ကန်နှောင်း၊ ပြရာချောင်း၊ အိုးပုံတော၊ သင်းတပေါ့၊ ဆေးထိုး၊ ရိုးမကျေးရွာများမှ အဘိုးအဘွား ၁၄၀၊ ပြင်စည်၊ လေးရွာဆုံ၊ ခက်လန်း၊ မြိုင်သာ၊ ကုက္ကိုဇီး၊ ရွာသစ်၊ တက်စီ၊ ရွှေပြည့်ရင်၊ ထိမ္မလား၊ ကနား၊ လှည်းစတွန်း၊ ရသစ်ကျေးရွာများမှ အဘိုး အဘွား ၃၈၀၊ မှက္ခရာ၊ ဖက်ခူး၊ စိန်ပန်းကန်၊ အုတ်တွင်း၊ ဘုရားကြီး၊ ကျီးကန်၊ ဒေါင့်ဘိုး၊ ဒိုင်းလည်ကျေးရွာများမှ အဘိုး အဘွား၂၉၁ ဦး စုစုပေါင်း ဘိုးဘွား ၁၅၅၅ ဦးအား ဂါရဝပြုကန်တော့ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နွားထိုးကြီးမြို့ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကြာပင်အိုင် ကျေးရွာမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ၂၉ ဦးကိုလည်း တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့ အထက(၂) ပညာရည်ချွန်ဆုပေးပွဲကို မတ် ၉ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ နဝမတန်း ဘာသာစုံထူးချွန် ပထမဆုရသူ မအိပိုပိုခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်း ဆုချီးမြှင့်စဉ်။ (ဝဇ၅)

တစ်ပြည်လုံး သာယာမည်

နေပြည်တော် မတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့၊ ပြည်မြို့၊ ခရမ်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၇

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးလေးစားအပ်ပါသော ရေဒီယိုနှင့်ရုပ်မြင်သံကြားကြည့်ရှုသော သောတရှင် လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား-ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်ဖြစ်ပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပအိုဝ်းတိုင်းရင်းသားတွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးတစ်ရာကျော်အနက် လူမျိုးတစ်မျိုးဖြစ်ပါတယ်။ ပအိုဝ်းလူမျိုးဟာ တိဗက်မြန်မာအနွယ် ကရင်မျိုးနွယ်စုမှာ ပါဝင်ကြောင်း သမိုင်းကဆိုပါတယ်။ ယခုမျက်မှောက်ကာလ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွေမှာ လူဦးရေ (၁၀)သိန်းကျော်အထိ ပျံ့နှံ့နေထိုင်လျက်ရှိပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုတစ်လျှောက်မှာ နိုးကြားတက်ကြွစွာ ပါဝင်ယှဉ်နွှဲခဲ့သလို ကမ္ဘာကျော်ပင်လုံစာချုပ်မှာလည်း ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးဖြူက ပါဝင်တက်ရောက် လက်မှတ်ရေးထိုးခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ နယ်ချဲ့ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါတယ်။ လွတ်လပ်တဲ့ပြည်ထောင်စုမြန်မာနိုင်ငံဟာ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးမည်ဖြစ်ကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ အတိအလင်းရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဒီမိုကရေစီစကားလုံးဟာ ရှေးခေတ်ဂရိစကားလုံးဖြစ်ပါတယ်။ Demos (ပြည်သူ)နှင့် Kratos (အင်အား)မှ ဆင်းသက်လာခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ ခေတ်သစ်ကမ္ဘာမှာ တန်ဖိုးထားခြင်းအခံရဆုံး နိုင်ငံရေးခံယူချက်ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူနိုင်ငံသားဟာ နိုင်ငံအုပ်ချုပ်မည့်သူတွေကို ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ကြခြင်းဟာ ဒီမိုကရေစီအခြေခံဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်အရ သတ်မှတ်အရည်အချင်းပြည့်မီသော နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံပိုင်ခွင့်ရှိကြပါတယ်။

ဒီမိုကရေစီရဲ့ သော့ချက်သင်္ကေတဟာ တရားမျှတတဲ့ရွေးကောက်ပွဲစနစ်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ဒီမိုကရေစီရဲ့ အရသာကို ပိုပြီးခံစားလာကြသည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူမျိုးများရဲ့ လွတ်လပ်မှုလည်း ပို၍ကြီးမားလာမှာဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီကျင့်သုံးတဲ့ ၁၉၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲ၊ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် တတိယအကြိမ် ၁၉၆၀ ပြည့် ပါလီမန်ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသုံးကြိမ်မှာ ယခင်ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ) ပါတီက ပါလီမန်အမတ်(၇)ဦးအထိ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။

၂၀၁၀ ပြည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအနေနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် ဒီမိုကရေစီစနစ်တိုးတက်ထွန်းကားလာစေရေးဆိုတဲ့ ဦးတည်ချက်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်အတွက် (၁)နေရာ၊ ပြည်သူ့လွှတ်တော်အတွက်(၃)နေရာနှင့် ပြည်နယ်လွှတ်တော် (၆)နေရာ စုစုပေါင်း (၁၀) နေရာ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။ ယခု ၂၀၁၂ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီရေးနှင့် ထာဝရငြိမ်းချမ်းရေးဆိုတဲ့ ဦးတည်ချက်နှင့် ရှမ်းပြည်နယ်၊ ကလောမြို့နယ် ပြည်သူ့လွှတ်တော်အဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ကြောင်း မဲဆန္ဒရှင်များကို အသိပေးလိုပါတယ်။

၁၉၈၉ ခုနှစ် မတ်လမှ ၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်)အစိုးရလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၈) ဖွဲ့၊ အင်အား ၆၇၃၈၂ ဦး၊ လက်နက် ၅၃၈၃၈ နှင့်အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပါတယ်။ ပြည်တွင်းစစ်များဖြစ်ရခြင်းရဲ့ အကြောင်းတရားဟာ နိုင်ငံရေးအကြောင်းတရားသာ အဓိကဖြစ်ပါတယ်။ စစ်မှန်သော၊ တရားမျှတသော ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်မြောက်အောင်မြင်စေရေးအတွက် အဓိကနိုင်ငံရေးပြဿနာကို အကျေအလည်ဆွေးနွေးကြဖို့လိုအပ်မှာဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းကြမှသာ ပြည်သူအားလုံး

ငြိမ်းချမ်းမှုရရှိကြမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနိုင်စွမ်းရှိတယ်။ ပညာရေးအဆင့်အတန်းမြှင့်တင်ပေးနိုင်မယ်။ ပြည်သူတို့ကို အမျိုးမျိုးသော အခွင့်အရေးကို ပေးနိုင်တယ်။ ငြိမ်းချမ်းရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ အရင်းခံအကြောင်းရင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကလောမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဗမာ၊ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ အင်းသား၊ တောင်ရိုးနှင့် ပလောင်တိုင်းရင်းသားလူမျိုးဟာ မိမိတို့၏ ချစ်မြတ်နိုးတဲ့ စာပေယဉ်ကျေးမှုဓလေ့ထုံးစံတွေကို လွတ်လပ်စွာကျင့်သုံးနေလျက်ရှိနေကြပြီး ရှေးပဝေသဏီ နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာနေထိုင်လာခဲ့ကြပါတယ်။ ကလောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုလည်း ယနေ့အထိ တိုင်းရင်းသားများအားလုံး စုပေါင်းညီညာစွာ လုပ်ကိုင်လာခဲ့ကြလို့ ကလောမြို့နယ်ကြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိနေပါတယ်။ ဒါကြောင့် ဒီမိုကရေစီနှင့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ကျွန်တော်တို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခွန်သန်းမောင်ကို အသည်းကြားမှ မဲပြားကိုယ်စီပေးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျား။

ကလောမြို့နယ် မဲဆန္ဒရှင်ပြည်သူအားလုံး စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာပြီး လိုရာဆန္ဒပြည့်ဝနိုင်ကြပါစေ။

မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ ဖွင့်လှစ်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ ၂၀၁၂ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့က ပြပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ ၂၀၁၂ ကို နိုင်ငံအတွင်း အလုပ်အကိုင်နေရာများဖန်တီးပေးနိုင်သော လုပ်ငန်းများနှင့် အလုပ်အကိုင်ရှာဖွေနေသော လူငယ်များ တစ်နေရာတည်းတွင် တိုက်ရိုက်တွေ့ဆုံနိုင်ရန်၊ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်ရန်၊ အလုပ်ရှာဖွေနေသော လူငယ်လူရွယ်များအတွက် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ဝန်ဆောင်ခ ကုန်ကျစရိတ်မရှိဘဲ လုပ်ငန်းများ၊ ကုမ္ပဏီများနှင့် တိုက်ရိုက်တွေ့ဆုံကာ အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ပြခန်းပေါင်း ၅၀ ခန့်ပါဝင်ပြီး ပြပွဲကို မတ် ၁၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဟောပြောပွဲကို နေ့စဉ် ညနေ ၃ နာရီတွင် ကျင်းပကာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ကာတွန်းဆရာ အော်ပီကျယ်တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရှုမြင်ခံစား ရုပ်မြင်သံကြားအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ နံနက်ခင်းသတင်း
- ၈:၁၅ အကပြိုင်ပွဲ

နေ့လယ်ပိုင်း

- ၁၁:၂၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၂:၅၀ မြန်မာရုပ်ရှင် **နှောင်းတမြည့်မြည့်** ဇော်လွင်၊သုမောင်၊ချိုပြုံး (ဒါရိုက်တာ-မောင်ဝဏ္ဏ)

ညပိုင်း

- ၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၇:၄၅ **ဘယ်လိုမဲပေးကြမှာလဲ** (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈:၀၀ ပြည်တွင်းသတင်း နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

MRTV-4

၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ဒေါနဇ၏တစ်ခွန်းသောစကား** တရားတော် [သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရှင်ခုန်သံ** (အပိုင်း-၂၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှိန်ရာ** (အပိုင်း-၁၀၁)
- ၁၁:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၁၆)
- ၂:၀၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 သတင်း
- ၄:၂၀ **လူဖြစ်ရှုံးပါပြီကွာ** (ရုပ်ရှင်သရုပ်ဆောင်များ၊ ဒါရိုက်တာ-ညီညီထွန်းလွင်)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Wolves -Man U	(ESPN)
၁၀:၂၅	Newcastle- Norwich	(ESPN) (MRTV-4)



မင်းကွန်းပုထိုးတော်ကြီးသို့ နိုင်ငံခြားသားခရီးသွားများ သွားရောက်လေ့လာကြစဉ်။

* ရှေ့ဖုံးမှ

တစ်စီးကို မပါဘူးဆိုရင် အနည်းဆုံးငါးယောက်အထိပါတယ်။ တစ်နေ့ကို နိုင်ငံခြားသားတစ်ရာနီးပါးလောက် ရောက်တယ်” ဟု မင်းကွန်း ပုထိုးတော်ကြီးမှ ဂေါပကအဖွဲ့ဝင်များက ပြောကြားသည်။

မင်းကွန်းဒေသအတွင်းရှိ ထင်ရှားသည့် နေရာများဖြစ်သော သမိုင်းဝင်မြသိန်းတန်စေတီတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိ-နိကျောင်းတိုက်နှင့် မင်းကွန်းပုထိုးတော်ကြီး၊ ကမ္ဘာ့တတိယအကြီးဆုံးမင်းကွန်းခေါင်းလောင်းတော်ကြီး၊ မင်းကွန်းဘိုးဘွားရိပ်သာနှင့် စစ်ကိုင်း-ဝါးချက်လမ်းမကြီးပေါ်မှ ဝါးချက်သံဃာ့ဆေးရုံကြီးများသို့ အများဆုံးသွားရောက်လေ့လာကြကြောင်း သိရှိရသည်။

“သိပ်ကို အံ့သြရပါတယ်။ ဒီလိုမျိုး ကြီးမားပြီး မြင့်မားတဲ့ ပုထိုးတော်ကြီးရော၊ မြသိန်းတန်စေတီရဲ့သမိုင်းကြောင်းနဲ့ အနုပညာလက်ရာတွေကိုရော၊ အလွန်ပဲကြီးမားပြီး အသံသာတဲ့ ခေါင်းလောင်းကြီးကိုရော ရောက်ရှိပြီးတော့ ပျော်ရွှင်ခဲ့ရတယ်။ နောက်လည်း လာလည်ဖြစ်ဦးမှာပါ ”ဟု နယူးဇီလန်နိုင်ငံမှ လာရောက်သူ ခရီးသည် မစ္စတာစမစ်က သူ့အမြင်ကို ပြောကြားခဲ့သည်။

လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း အောင်ချမ်းသာ အိမ်ရာနေ ဆရာကြီး ဦးငွေထွန်း (မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်အေးအေး မိသားစုတို့က ဆရာကြီး ဦးငွေထွန်း မွေးနေ့အတွက် ကျောက်တန်းဘိုးဘွားရိပ်သာ နာမကျန်းဆောင် ဆောက်လုပ်နိုင်ရန် အလှူငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဦးထွန်းလှရွှေနှင့် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့ လက်ခံစဉ်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

အင်ဂျင်နီယာပညာရှင်နှင့် ကွန်ပျူတာပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်နှင့် နည်းပညာတက္ကသိုလ်များ

ပဲခူးတိုင်းဒေသကြီးအတွင်း လူငယ်လူရွယ်များ စဉ်ဆက်မပြတ် အဆင့်မြင့်နည်းပညာသင်ယူနိုင်ရန် တောင်ငူမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (တောင်ငူ) (အပေါ်ပုံ)ကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပြည်နည်းပညာတက္ကသိုလ် (အောက်ပုံ)၊ ပြည်တက္ကသိုလ်ပင်မဆောင် (ဝဲပုံ)နှင့် (အောက်ဝဲပုံ) တို့ကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ပဲခူးဒီဂရီကောလိပ်ပင်မဆောင်(အောက်ဆုံးပုံ) ကို တွေ့ရစဉ်။

- ❒ နိုင်ငံတော်၏ ပညာရေးမူဝါဒတစ်ရပ်ချမှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက်လည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။
- ❒ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူငယ်လူရွယ်များအရေအတွက်ရော အရည်အချင်းပါ တိုးတက်မြင့်မားလာအောင် ဖော်ဆောင်ပေးလျက်ရှိသည်။
- ❒ ပညာသင်ယူမှု တစ်ပြေးညီဖြစ်စေရန်၊ ပညာတစ်ပိုင်းတစ်စမဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် သင်ယူနိုင်စေရန်အတွက် ပဲခူးတိုင်းဒေသကြီးတွင် အဆင့်မြင့်ပညာများကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်နှစ်ခု၊ ဒီဂရီကောလိပ်တစ်ခုနှင့် ပညာရေးကောလိပ် နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည်။
- ❒ အင်ဂျင်နီယာပညာရှင်များနှင့် ကွန်ပျူတာပညာရှင်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်အတွက် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်ဆက်စပ်ပြီး အချက်အချာကျသည့် ပြည်မြို့နှင့် တောင်ငူမြို့တို့၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာအထက်တန်းကျောင်း တစ်ခုစီကို ဖြန့်ကြက်ဖွင့်လှစ်ပေးထားသည်။

သတင်းမှတ်စု-မောင်ငြိမ်းအေး

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

တိုင်တန်းနစ်သင်္ဘောနစ်မြုပ်မှု နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပစ္စည်းများ အမေရိကန်နိုင်ငံ၌ ပြသ

ဟူစတန် မတ် ၁၇

အပျော်စီးသင်္ဘောကြီး တိုင်တန်းနစ် နစ်မြုပ်ခဲ့သည့် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပြပွဲကို အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ မတ် ၁၆ ရက်က စတင်ကျင်းပရာ တိုင်တန်းနစ် သင်္ဘောပျက်မှ ပစ္စည်းအမျိုးအစားပေါင်း ၂၅၀ ခန့်ခင်းကျင်း ပြသထားကြောင်း မတ် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

ခင်းကျင်းပြသ

တိုင်တန်းနစ်သင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ ရက်က နစ်မြုပ်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီ ၁၅ ရက်၌ နှစ်ပေါင်း (၁၀၀) ပြည့်တော့မည်ဖြစ်သည်။ ယင်းအထိမ်းအမှတ်အဖြစ် ဟူစတန်မြို့သဘာဝသိပ္ပံနှင့်အမျိုးသားပြတိုက်၌ တိုင်တန်းနစ် သင်္ဘောပျက်မှ ဆယ်ယူရရှိခဲ့သည့်ပစ္စည်းများကို ပြည်သူများအား ခင်းကျင်းပြသခြင်းဖြစ်သည်။



ပြန်လည်ပြောခဲ့

ပြသထားသည့်ပစ္စည်းများတွင် နာရီများ **(အပေါ်ပုံ)**၊ လက်ဝတ်ရတနာများ၊ မီးအိမ်များနှင့် အခြားအသုံးအဆောင် ပစ္စည်းအမျိုးအစားများဖြစ်သည်။ ပြပွဲလာ ပြည်သူများအား တိုင်တန်းနစ်သင်္ဘောကြီးနစ်မြုပ်ခဲ့စဉ်က အသက်ရှင်ကျန်ရစ်သူ ၇၀၅ ဦးအနက် တစ်ဦးဖြစ်သူ အမျိုးသမီးကြီး ဟီလန်ဘင်ဇီဂါ၏ မြေးမိန်းကလေးဖြစ်သည့် မာဂရက်ဘရောင်းက သူမ၏ အဘွား ကိုယ်တွေ့ဖြစ်ရပ်ပြောပြခဲ့သည်များကို ပြန်လည် ပြောခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အဇာဘိုင်ဂျန်၏ ပထမဆုံးဂြိုဟ်တုလွှတ်တင်မည်

ဘာကူ မတ် ၁၇

အဇာဘိုင်ဂျန်က ၂၀၁၂ ခုနှစ်ကုန်တွင် ၎င်းနိုင်ငံ၏ ပထမဆုံးဂြိုဟ်တုလွှတ်တင်မည်ဖြစ်ကြောင်း၊ အာကာသရေးရာနှင့် သတင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံထားကြောင်း အဇာဘိုင်ဂျန်နိုင်ငံဝန်ကြီးချုပ် အာတာရာစီဇာဒီက မတ် ၁၇ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

အဇာဘိုင်ဂျန်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုလွှတ်တင်ရန် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက ဥရောပ အာကာသအေဂျင်စီနှင့် ပူးတွဲဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါဂြိုဟ်တုကို အမေရိကန် အာကာသသိပ္ပံကော်ပိုရေးရှင်းက တည်ဆောက်ပေးထားခြင်းဖြစ်သည်။

အထောက်အကူပြု

အဇာဘိုင်ဂျန်နိုင်ငံက လွှတ်တင်မည့်ဂြိုဟ်တုသည် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပ၊ အာရှအလယ်ပိုင်းဒေသများအား ဆက်သွယ်ရေးစနစ်ပိုမိုလျင်မြန်ကောင်းမွန်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် အဇာဘိုင်ဂျန်နိုင်ငံရှိ ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်သွက်လက်ကောင်းမွန်စေရန်လည်း အထောက်အကူပြုပေးမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်၌ ဆီးနှင်းကျဆင်း၊ လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရ

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံ နေရာဒေသအများအပြားတွင် မိုးသည်းထန်ခြင်း၊ အပူချိန်များ ကျဆင်းခြင်းနှင့် နှင်းများဆိုးရွားစွာကျဆင်းနေသဖြင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းထားရကြောင်း တရုတ်အရာရှိများက မတ် ၁၇ ရက်၌ ပြောကြားသည်။

ထုတ်ပြန်ထား

အထူးသဖြင့် တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် အပူချိန်များ ဆက်လက်ကျဆင်းမည်ဖြစ်ပြီး အပူချိန် ၆ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းနိုင်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ အတွင်းမွန်ဂိုးလီးယားဒေသ အနောက်ပိုင်း၊ စင်ကျန်းမြို့၊ တောင်ပိုင်းနှင့် နန်စီရာမြို့ မြောက်ပိုင်းဒေသများတွင်လည်း လေပြင်းများကို တိုက်ခတ်မှုနှင့်အတူ သဲမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း သတိပေးထားသည်။

ပိတ်ထားရ

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာ ဆက်လက်ကျဆင်းလျက်ရှိပြီး ပေကျင်းရှိ အဝေးပြေးလမ်းမကြီးများကိုလည်း ပိတ်ထားရသည်။ ထို့အတူ ပေကျင်းမြို့ လေယာဉ်ခရီးစဉ်များလည်း နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၇-၃-၂၀၁၂)

တင်မောင်လွင် ➤ စုစည်းသည်

အင်ဒိုနီးရှားတွင် ဟွန်ဒါဆိုင်ကယ်စက်ရုံ တည်ဆောက်မည်

ဟွန်ဒါမော်တော်ဆိုင်ကယ်ကုမ္ပဏီသည် ဈေးကွက်တွင် ဝယ်လိုအားများ မြင့်မားလာမှုကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းကုမ္ပဏီများနှင့် ပူးပေါင်းကာ အာရှတွင် လေးခုမြောက် ဟွန်ဒါမော်တော်ဆိုင်ကယ်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက မတ် ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါစက်ရုံကို အင်ဒိုနီးရှားနိုင်ငံ ပီတီအက်စ်ထရာဟွန်ဒါမော်တော်ဆိုင်ကယ်ကုမ္ပဏီက အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၏အရှေ့ဘက် ကီလိုမီတာ ၇၀ ခန့်အကွာ၌ တည်ရှိသည့် ဘူကစ်အင်ဒတ်စက်မှုဇုန်အတွင်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစက်ရုံမှ အထူးသီးသန့်ခေတ်မီအပေါ့စားမော်တော်ဆိုင်ကယ်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။ ယင်းစက်ရုံမှ တစ်နှစ်လျှင် မော်တော်ဆိုင်ကယ် အစီးရေ ၁ ဒသမ ၁ သန်းအထိ ထုတ်လုပ်သွားမည်ဟု မျှော်မှန်းထားပြီး လာမည့် ၂၀၁၃ ဆောင်းဦးရာသီတွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက်ပိုင်း အရှေ့နူဆာတန်ဂါရာပြည်နယ်တွင် မတ် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၉ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် နိုင်ငံအရှေ့မြောက်ပိုင်း အရှေ့ဖလိုရက်ဒေသမှ ၁၂၉ ကီလိုမီတာအကွာ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား၌ ဂျက်လေယာဉ်ပျက်ကျ

လူသုံးဦးအားတင်ဆောင်လာသည့် စီးပွားရေးလုပ်ငန်းသုံး ဂျက်လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံမြောက်ကာရိုလိုင်းနားပြည်နယ်အရှေ့ပိုင်းရှိ လေဆိပ်တစ်ခုအနီး၌ မတ် ၁၅ ရက် မွန်းလွဲပိုင်းက ပျက်ကျခဲ့ကြောင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းအား ချက်ချင်းမသိရသေးကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ အဆိုပါဂျက်လေယာဉ်သည် ယင်းနေ့ဒေသ စံတော်ချိန် မွန်းလွဲ ၁နာရီ ၃၆ မိနစ်ခန့်က ဖလန်ကလင်းမြို့အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ မာကွန် စီရင်စုလေဆိပ်၏ လေယာဉ်ပြေးလမ်းအဆုံးရှိ ပြောင်းဖူးစိုက်ခင်းတစ်ခုအတွင်းသို့ ပျက်ကျခဲ့ကာ မီးလောင်သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။ လေယာဉ်ပေါ်လိုက်ပါလာသည့် လူသုံးဦးမှာ ဆိုးရွားစွာထိခိုက်ခံစားရပြီး သေဆုံးသွားခဲ့ကြောင်း အဆိုပါလေယာဉ်ဌာန ပြောရေးဆိုခွင့်ရှိသူ ကတ်လီဘာဂန်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်တောင်ပိုင်းတွင် ယာဉ်တစ်စင်း ချောက်ထဲထိုးကျ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မတ် ၁၆ ရက်က ယာဉ်တစ်စင်းမတော်တဆဖြစ်ပြီး လျှိုမြောင်တစ်ခုအတွင်းသို့ထိုးကျကာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး အခြား ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ဖြစ်ပွားမှုမှာ ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်က ဟင်းသီးဟင်းရွက်အိတ်များ အဆမတန်တင်ဆောင်လာသည့် ကုန်တင်ကားတစ်စီးပေါ်တွင် ခရီးသည်များလိုက်ပါစီးနင်းလာခဲ့ပြီး ကာဂါယန်ဒီအိုရိုမြို့သို့ ဦးတည်မောင်းနှင်စဉ် ကားမောင်းသူမှာ အရှိန်မထိန်းနိုင်မှုကြောင့် ဘူကစ်နမ်ပြည်နယ် တာလကတ်မြို့အဝေးပြေးလမ်းမကြီးဘေးရှိ လျှိုမြောင်တစ်ခုအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ဒုတိယရဲမှူးကြီး အာနီလစ်တိုလိုဝါအိုက ပြောကြားခဲ့သည်။ **(အင်တာနက်)**

နော်ဝေမှ ဓာတုကုန်သင်္ဘော ပါရှန်ပင်လယ်ကွေ့ရေပြင်၌ မီးလောင်ပေါက်ကွဲ၊ သင်္ဘောသား ၂၅ ဦးပျောက်ဆုံး

အော်စလို မတ် ၁၇

အရှေ့အလယ်ပိုင်းရှိ ပါရှန်ပင်လယ်ကွေ့ရေပြင်တွင် ဓာတုပစ္စည်းများတင်ဆောင်လာသော သင်္ဘောတစ်စင်းမတ် ၁၆ ရက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သင်္ဘောသား ၂၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နော်ဝေအရာရှိများက မတ် ၁၇ ရက်၌ ပြောကြားသည်။

အဆိုပါ သင်္ဘောသည် နော်ဝေနိုင်ငံ စတော့နီလ်ဆင်ကုမ္ပဏီပိုင် အမ်တီစတော့ဗာလာအမည်ရှိ သင်္ဘောဖြစ်ပြီး ဓာတုပစ္စည်းများကို တင်ဆောင်လာကြောင်း သိရသည်။ ၎င်းသင်္ဘောသည် ပါရှန်ပင်လယ်ကွေ့ရှိ ဂျူဘီလ်မြို့ဆိပ်ကမ်းမှ ၂၇ မိုင်ခန့်အကွာ ရေပြင်တွင် မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အမ်တီစတော့ဗာလာသင်္ဘော မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ၎င်းသင်္ဘောကုမ္ပဏီက ယင်းသင်္ဘောပျက်စီးမှုအနေအထားကို လောလောဆယ်၌ သတင်းထုတ်ပြန်မှု မရှိသေးချေ။

ပျောက်ဆုံးနေသော သင်္ဘောသားများကို လိုက်လံရှာဖွေလျက်ရှိပြီး သင်္ဘောပေါက်ကွဲမီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၎င်းသင်္ဘောမီးလောင်မှု ဖြစ်ပွားရာသို့ စစ်သင်္ဘောတစ်စင်းက သွားရောက်ကာ အကူအညီပေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ်ရှိ စားသုံးဆီကုန်လှောင်ရုံ မီးလောင်မှုဖြစ်ပွား

ဟန်ကျိုး မတ် ၁၇

တရုတ်နိုင်ငံအရှေ့ပိုင်း မြို့တစ်မြို့တွင် စားသုံးဆီ သိုလှောင်ရုံတစ်ရုံ မီးလောင်မှုဖြစ်ရာ အနီးပတ်ဝန်းကျင်တွင် နေထိုင်သူ လူပေါင်း ၃၂၀ ကျော်ကို ဘေးလွတ်ရာသို့ အလျင်အမြန် ပြောင်းရွှေ့ပေးခဲ့ကြောင်း ဆင်ဟွာ သတင်းတွင်ဖော်ပြသည်။

ငြိမ်းသတ်နိုင်

ကျိုကျန်းပြည်နယ် နင်ပိုမြို့အတွင်းရှိ တရုတ်နိုင်ငံတွင် ဈေးကွက်အောင်မြင်မှုအရဆုံး ဆီထုတ်လုပ်ရေး ကျင်လုံယုကုမ္ပဏီပိုင်ကုန်လှောင်ရုံတွင် မတ် ၁၇ ရက် အစောပိုင်းအချိန်ခန့်က မီးလောင်မှုဖြစ်ကြောင်း၊ မီးသတ်သမား၁၅၂ ဦးက မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(ယာပုံ)**

မီးလောင်မှုဖြစ်ပွားရာ ကုန်လှောင်ရုံနှင့် ကပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာတစ်လုံး၊ ဟိုတယ်နှင့် စာသင်ကျောင်းတစ်ကျောင်းတို့တွင်ရှိနေကြသည့် လူများကို မီးသတ်တပ်ဖွဲ့ဝင်များက ဘေးကင်းရာသို့ အရေးပေါ် ပြောင်းရွှေ့ပေးခဲ့ပြီး မီးကိုငြိမ်းသတ်ရာ နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးညွှန့်ကျိုးသွားခဲ့ကြောင်း သိရသည်။

မီးလောင်ခဲ့သော အဆိုပါကုန်လှောင်ရုံသည် စားသုံးဆီနှင့် ဆန်အိတ်များ သိုလှောင်ရာ ကုန်လှောင်ရုံတစ်ရုံဖြစ်ပြီး ယခု မီးလောင်မှုတွင် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း မီးသတ်ဌာနက သတင်း ထုတ်ပြန်သည်။

မီးလောင်မှု အကြောင်းအရင်းနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး မည်မျှရှိသည်ကို လတ်တလောစုံစမ်းဆဲဖြစ်သဖြင့် မသိရှိနိုင်သေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ဂွာတီမာလာပြည်တွင်းစစ်အတွင်း အစုအပြုံလိုက်သတ်မှု စစ်မှုထမ်းဟောင်းတစ်ဦး ထောင်ဒဏ် အနှစ် ၆၀၆၀ ချခံရ

ဂွာတီမာလာစီးတီး မတ် ၁၇

ဂွာတီမာလာနိုင်ငံ ပြည်တွင်းစစ်အတွင်း လူပေါင်း ၂၀၁ ဦးတို့ အစုအပြုံလိုက်သတ်ဖြတ်မှုဖြင့် စစ်မှုထမ်းဟောင်းတစ်ဦးကို ဂွာတီမာလာတရားရုံးက ထောင်ဒဏ် အနှစ် ၆၀၆၀ စီရင်လိုက်သည်။

တရားစွဲဆို

အဆိုပါ စစ်မှုထမ်းဟောင်းမှာ အသက် ၅၀ အရွယ်ရှိ ပီထရိုပင်မင်တယ်ရီယို ဖြစ်ပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီးမှ ၂၀၁၀ပြည့်နှစ်က အဖမ်းခံရကာ ပြီးခဲ့သည့်နှစ်က ဂွာတီမာလာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သူဖြစ်သည်။ ၁၉၈၂ ခုနှစ်က ဒေါ့စ်အားရက်စ်ကျေးရွာတွင် အစုအပြုံလိုက်လူသတ်မှုနှင့်ပတ်သက်၍ ပီထရိုပင်မင်တယ်မှာ တရားစွဲဆိုစီရင်ခံရသည့် စစ်မှုထမ်းဟောင်းဖြစ်သည်။ **(အပေါ်ပုံ)**

ချမှတ်ခံရ

ထောင်ဒဏ် အနှစ် ၆၀၆၀ မှာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုအတွက် အနှစ် ၃၀ နှင့် လူ ၂၀၁ ဦးကို တစ်ဦးလျှင် ထောင်ဒဏ် နှစ် ၃၀ နှုန်းဖြင့် စုစုပေါင်းထောင်ဒဏ် အနှစ် ၆၀၆၀ ချမှတ်ခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် ဒုတိယဝန်ကြီး ဦးဘရွှေ တက်ရောက်ဆွေးနွေး

ရန်ကုန် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘရွှေသည် မတ် ၁၆ ရက် ညနေ ၃ နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် (JDS Project 2012-2013)၏ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံရုံးမှ Minister-Counsellor Mr.Ichiro MARUYAMA က လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

“အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂”

၂၀၁၂ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပါသည်။

အသက် ၉ လမှ ၅ နှစ်အတွင်း ကလေးငယ်များအားလုံးကို

မပျက်မကွက် ခေါ်ဆောင်လာ၍ ကာကွယ်ဆေးထိုးကြရန်

2012 MYANMAR C.P OPEN TENNIS TOURNAMENT ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ MYANMAR C.P LIVE STOCK Co.,Ltd. က ပံ့ပိုးကူညီသည့် 2012 MYANMAR C.P OPEN TENNIS ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် MYANMAR C.P LIVE STOCK Co.,Ltd. အကြံပေးအရာရှိဦးစိုးလွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပရာ ပြိုင်ပွဲ ၂၅ ပွဲကျင်းပပြီးစီးသည်။ ပြိုင်ပွဲကို နေ့စဉ် နံနက် ၈ နာရီခွဲတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

◆ *ကျော့ဖုံးမှ*

ယင်းရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှနေ၍ တောင်ကိုရီးယားနိုင်ငံ တစ်ဝန်းသို့ ၂၀၁၁ ခုနှစ်ကုန်ပိုင်းက ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံတွင် နောက်ထပ်တစ်ကြိမ်ထုတ်လွှင့်ပြသရန် စီစဉ်လျက်ရှိသည်။

ရုပ်ရှင်မင်းသမီး လီဒါပေးသည် ၂၀၀၂ ခုနှစ်မှ စတင်ကာ Ling Ling အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့သော်လည်း ၂၀၀၅ခုနှစ်ရောက်မှသာ My Girl အမည်ရှိဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။

နောက်ပိုင်းတွင် Green Rose၊ Hello' Miss, East of Eden၊ Chuno စသည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်မှုပြောင်မြောက်သဖြင့် ပရိသတ်များ အထူးနှစ်ခြိုက်အားပေးခြင်းခံရသူဖြစ်သည်။

လီဒါပေး၏ဖခင်နှင့် အစ်ကိုဖြစ်သူမှာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် အလုပ်အကိုင်ဖြင့် သွားရောက် နေထိုင်သော်လည်း လီဒါပေးနှင့် မိခင်ဖြစ်သူမှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နေထိုင်ကာ အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ **(အင်တာနက်)**

ရခိုင်ပြည်နယ်အတွင်း မြို့နယ်ခုနှစ်မြို့နယ်တွင် GSM SIM ကတ်များ ပြည်သူများအား ရောင်းချပေး

စစ်တွေ မတ် ၁၇

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် IGE ကုမ္ပဏီတို့ ပူးပေါင်း၍ မတ် ၁၄ ရက်မှစပြီး အများပြည်သူများ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် စစ်တွေမြို့တွင် GSM SIM ကဒ် ၉၉၀၀၊ ကျောက်ဖြူမြို့တွင် GSM SIM ကတ် ၂၇၀၀၊ မြောက်ဦးမြို့တွင် GSM SIM ကတ် ၂၇၀၀၊ သံတွဲမြို့တွင် GSM SIM ကတ် ၂၇၀၀၊ ရမ်းဗြဲမြို့တွင် GSM SIM ကတ် ၂၇၀၀၊ အမ်းမြို့တွင် GSM SIM ကတ် ၂၇၀၀နှင့် တောင်ကုတ်မြို့တွင် GSM SIM ကတ် ၂၇၀၀တို့ကို တစ်ပြိုင်တည်း စတင်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာ၌ စာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်

မချမ်းဘော မတ် ၁၇

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာအုပ်စုတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ရွှေဝမ်စာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို မတ် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးနန်ဇေဖုန်ဆန်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခေါ်ခွန်းထင်ဆန်းနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးတို့ဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(အောင်ကျော်ထွန်း)**

ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

အထက(၃)ဒဂုံ (ယခင် မြို့မအမျိုးသမီးအထက်တန်းကျောင်း) အငြိမ်းစားဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအသုံးပြုရန် ရန်ပုံငွေ လှူဒါန်းသူများအား ဂုဏ်ပြုပွဲကို မတ် ၂၅ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် အထက(၃)ဒဂုံ ကျောင်းဝင်းအတွင်း၌ ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၆) စတုဂတ်တို့ အဝေးကွင်း၌ နိုင်ပွဲရ

ဘာလင် မတ် ၁၇

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၆)ကို မတ် ၁၇ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဟိုဖန်ဟင်းနှင့်စတုဂတ်အသင်းတို့ပွဲတွင် ဧည့်သည် စတုဂတ်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အဖိုးတန်သုံးမှတ်အပြည့်ရရှိခဲ့သည်။

စတုဂတ်အသင်းသည် ပွဲစတင်သည်နှင့် လျင်လျင်မြန်မြန်တိုက်စစ်ဖွင့် ကစားခဲ့ရာ ပွဲအစ ၈ မိနစ်မှာပင် အိုင်ဘီစီဗစ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဟိုဖန်ဟင်းတို့ ချေပဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၄၃ မိနစ်၌ စတုဂတ်မှ အိုင်ဘီစီဗစ်ကပင် ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ဒုတိယပိုင်းပွဲချိန်တွင် ဟိုဖန်ဟင်းတို့ ချေပဂိုးများ သွင်းယူနိုင်ရေးအဝင်အထွက် ကြမ်းကြမ်းကစားခဲ့မှုကြောင့် အဝါကတ် လေးဦးထိခဲ့သည်။ ပွဲချိန် ၇၄ မိနစ်၌ ဟိုဖန်ဟင်းမှ ဆာလီဟိုဗစ်က ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့၍သာ ချေပဂိုးတစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဟိုဖန်ဟင်းတို့ ချေပဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘာစီလိုနာနောက်ခံကစားသမား အဘီဒယ် အသည်း အစားထိုးခွဲစိတ်ကုသမည်

ဘာစီလိုနာ မတ် ၁၇

စပိန်ကလပ်ဘာစီလိုနာအသင်း နောက်ခံကစားသမား အီရစ်အဘီဒယ်သည် အသည်းရောဂါဖြစ်ပွားလျက်ရှိရာ အသည်းအစားထိုးကုသမှု ခံယူရမည်ဖြစ်ကြောင်း မတ် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

ခွဲစိတ်ကုသမှု

အသက် ၃၂ နှစ်အရွယ်ရှိ အီရစ်အဘီဒယ် **(အောက်ပုံ)**သည် လွန်ခဲ့သည့် တစ်နှစ်ခန့်ကတည်းက အသည်းတွင်အကြိတ်ဖြစ်လျက်ရှိရာ လာမည့်သီတင်းပတ်အနည်းငယ်အတွင်း အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသား အီရစ်အဘီဒယ်သည် ဘာစီလိုနာအသင်းတွင် အားထားရသော နောက်ခံကစားသမားတစ်ဦးဖြစ်ပြီး အမြန်ဆုံးကျန်းမာလာကာ ဘောလုံးပြန်ကစားနိုင်မည်ဟုယုံကြည်နေကြောင်း ဘာစီလိုနာအသင်းခေါင်းဆောင် ပူယိုးလ်က ပြောကြားသည်။

ပြန်ကစားနိုင်မည်

အီရစ်အဘီဒယ်အား ခွဲစိတ်ကုသမည့် အသည်းခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစတုရက်နက်တယ်က ခွဲစိတ်ကုသ ပြီးနောက် ပြန်လည်ကစားနိုင်မည့် အနေအထား ရောက်ရှိလာမည်ဟု ပြောကြားသည်။ **(အင်တာနက်)**

အာကာဟိန်း - စုစည်းသည်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ ထုတ်ပြန်

နီရွန် မတ် ၁၇

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၆ ရက်က မဲနှိုက်ရွေးချယ်ထုတ်ပြန်လိုက်ရာ အင်္ဂလန်ကလပ် ချယ်လ်ဆီးသည် ပေါ်တူဂီကလပ် ဘင်ဖီကာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့အတူ ဆိုက်ပရပ်စ်ကလပ် အေပိုးလ်အသင်းသည် စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့အတူ ပြင်သစ်ကလပ်မာဆေးအသင်းသည် ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အီတလီကလပ် အေစီမီလန်အသင်းသည် စပိန်ကလပ်ဘာစီလိုနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ကိုလံဘီယာ၌ ဘောလုံးပရိသတ်များ ခိုက်ရန်ဖြစ်ပွား

ဘိုဂိုတာ မတ် ၁၇

ကိုလံဘီယာနိုင်ငံ၌ မတ် ၁၅ ရက်က ကျင်းပသည့် အမေရိကနှင့် ဒီပိုတီဗိုကာလီတို့၏ ဘောလုံးပွဲတွင် နှစ်ဖက်ပရိသတ်များ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ၁၁ ဦး ဒဏ်ရာရရှိပြီး ၁၃၅ ဦး ဖမ်းဆီးခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က မတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

နှစ်ဖက်ဘောလုံးအသင်းများသည် ကာလီမြို့ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားစဉ် အပြန်အလှန်အားပေးရာမှ ဒေါသမထိန်းနိုင်ဘဲ ခိုက်ရန်ဖြစ်ပွားခဲ့ရာ ဘောလုံးကွင်းအပြင်ဘက်လမ်းများပေါ်အထိ ထိုးကြိတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ပြဿနာဖြစ်ပွားမှုကြောင့် ၄င်းပွဲစဉ်အား ရပ်ဆိုင်းပြီးပွဲပြန်လည်ကစားရန် ရက်ရွှေ့ဆိုင်းခဲ့ရသည်။ **(အင်တာနက်)**

ယူ-၁၉ အာရှအမျိုးသမီး ဘောလုံးခြေစစ်ပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟန္နိုင်း မတ် ၁၇

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၃ခုနှစ် ယူ-၁၉ အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးခြေစစ်ပွဲများကို လာမည့်ဒီဇင်ဘာ၌ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း မတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းခြေစစ်ပွဲကို ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲဝင်မည့်အသင်းများအနက် ဗီယက်နမ်ဘောလုံးအသင်းမှာ လေ့ကျင့်မှုများ ပြုလုပ်နေပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ရေး ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

စတင်စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ စ-လယ်-ဆုံး နိုးကြားတက်ကြွစွာကြိုးပမ်း တောင်သူလယ်သမားဘဝ ဝင်ငွေနှစ်ဆတိုးတက်လာမည် မလွဲကေန်ဖြစ်

နေပြည်တော် မတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါးတစ်ကွင်းတစ်ဆက်တည်း (၃၆၉)ဧကစိုက်ခင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို လာရောက်လေ့လာကြသော စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောလှထွန်း ဦးဆောင်သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ကောလင်း၊ အင်းတော်၊ အရာတော်၊ မြောင်နှင့် လဟယ်မြို့နယ်များမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး ကံမ၊ စလင်း၊ ဂန့်ဂေါ၊ ထီးလင်း၊ ပေါက်နှင့် နတ်မောက်မြို့နယ်များမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးနှင့် စဉ့်ကိုင်မြို့နယ်များမှ ကိုယ်စားလှယ်များ၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် မြဝတီမြို့နယ်၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တို့မှ ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မှ ဦးသောင်းထိုက် ဦးဆောင်သော တောင်သူလယ်သမားများအား စိုက်ခင်းအနီးရှိ ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးဝန်ထမ်းပညာရှင်များ စုစည်းညီညွတ်စွာဖြင့် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ခေတ်မီဆန်စက်ကြီးများဖြင့် စ-လယ်-ဆုံး နိုးကြားတက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားဘဝ ဝင်ငွေနှစ်ဆတိုးတက်လာပြီး လူနေမှုဘဝ တိုးတက်မြင့်မားလာမည်မှာ မလွဲကေန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကူးပြောင်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မိရိုးဖလာ၊ သမားရိုးကျ မြေယာစနစ်ဖြင့် ဆောင်ရွက်၍ မရနိုင်တော့ကြောင်း၊ ခေတ်မီစက်မှုလယ်ယာစနစ်ကိုကူးပြောင်းဆောင်ရွက်ရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ လိုက်နာစိုက်ပျိုးကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တောင်သူဦးကြီးများအား တစ်ဧကလျှင် မျိုးစေ့ ၇ကီလိုနှုန်းဖြင့် ပုလဲသွယ်စပ်မျိုး စပါးမျိုးစေ့များကို ပေးအပ်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် စပါးနှံများ စုံညီစွာ ထွက်ရှိနေသည့် ၉၅ ရက်သား ပုလဲသွယ်စပ်မျိုး စပါးခင်းကို ကြည့်ရှုကြရာ ပညာရှင်ဝန်ထမ်းများ၊ ဒေသခံတောင်သူများက စပါးနှံများ စုံညီစွာထွက်ရှိနေမှုတို့ကြောင့် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိနိုင်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ အဆင့်မြင့်လယ်ယာမြေ(၂၈၈)ဧက၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ၄၅ ရက်သားသက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၏ ပင်ပွားများ အောင်မြင်စွာထွက်ရှိနေမှု၊ စိုက်ခင်းဘေးမြေကွက်လွတ်၌ တောင်သူပညာပေး ဝင်ငွေရဟင်းသီးဟင်းရွက်စိုက်ခင်း ဆောင်ရွက်ထားရှိမှုများ၊ ကုန်ထုတ်လမ်းနှင့် ရေသွင်းမြောင်း၊ ရေနုတ်မြောင်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး ယှဉ်ပြိုင်စိုက်ခင်း၌ သွင်းအားစုဓာတ်မြေဩဇာ ထည့်သွင်းနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်း၌ ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါးနှင့် တရုတ်ပုလဲသွယ် စပ်မျိုးစပါးတို့၏ မျိုးယှဉ်ပြိုင်စိုက်ခင်းများ၊ စိုက်ခင်းအနီး ဝင်ငွေရ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အမယ်စုံ စိုက်ခင်းနှင့်၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်မျိုးစေ့များသန့်စင်ခြင်း၊ ထုပ်ပိုးခြင်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းပြသ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လေ့လာရေးလာရောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် မတ် ၁၇

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို မတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၆) ခု မေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားအရေးဆိုင်ရာကော်မတီ၊ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ ယာယီကော်မတီများဖြစ်သော ဥပဒေလေ့လာစိစစ်ရေးကော်မတီ၊ လူမှုရေးရာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသမီးများ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီ၊ ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ သမဝါယမ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လျှပ်စစ်၊ စွမ်းအင်၊ သယံဇာတသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများကို ဖွဲ့စည်း၍ အတည်ပြုခြင်း၊ ဧရာဝတီတိုင်းဒေသကြီး အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ဥပဒေကြမ်းနှင့် ဧရာဝတီတိုင်းဒေသကြီး အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေကြမ်းတို့ကို တင်သွင်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကြမ်းကို အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ICRC နှင့် 3DF အဖွဲ့မှ ဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၇

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ICRC မှ အဖွဲ့ခေါင်းဆောင် Mr. Georges Paclisanu ခေါင်းဆောင်သောအဖွဲ့သည် မတ် ၁၄ ရက် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ 3DF အဖွဲ့မှ Final Evaluation Team Leader- Dr. Greet Peersman သည် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံခဲ့ကြသည်။

ICRC အဖွဲ့နှင့် တွေ့ဆုံရာတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း ခြေတု၊ လက်တုအလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုအခါ မြန်မာနိုင်ငံတွင် ခြေတု၊ လက်တုတပ်ဆင်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံများ၏ လိုအပ်သောကျွမ်းကျင်လုပ်သား လေ့ကျင့်မွေးထုတ်ရေးနှင့် အရည်အသွေးကောင်းမွန်သော ခြေတု၊ လက်တုများ ထုတ်လုပ်တပ်ဆင်ရေး၊ ခေတ်မီစက်ကိရိယာများနှင့် ကုန်ကြမ်းများ ကူညီပံ့ပိုးမည့်အစီအစဉ်များ၊ ဆရာဝန်နှင့် ကျွမ်းကျင်လုပ်သားများအတွက် ကျွမ်းကျင်မှုဆိုင်ရာ ပြည်တွင်း ပြည်ပသင်တန်းများ စီစဉ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

3DF နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ အဓိကရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်လုပ်ငန်းများပြီးဆုံးပြီဖြစ်၍ အပြီးသတ်ဆန်းစစ်မှုလုပ်ငန်းကို သုံးပတ်ကြာမျှ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောင်ဆက်လက်ဆောင်ရွက်မည့် 3MDG လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရန် တင်ပြညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားညှိနှိုင်းရေးမှူးများနှင့် ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် မတ် ၁၆ ရက်က ကျင်းပသည့် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်း အကောင်အထည်ဖော်ရေး အမျိုးသား ညှိနှိုင်းရေးမှူးများနှင့် ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့် ဂျပန်လုပ်ငန်းအဖွဲ့အကြား ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားညှိနှိုင်းရေးမှူးများနှင့် ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးတွင် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များ အတည်ပြုခဲ့သည့် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်း အကောင်အထည်ဖော်သွားနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသားညှိနှိုင်းရေးမှူးများ၊ အာဆီယံပူးပေါင်းညှိနှိုင်းရေးကော်မတီနှင့် အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားနိုင်မည့် အစီအမံများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ဦးစားပေးအစီအစဉ်များ၊ အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် ရန်ပုံငွေနှင့် အရင်းအမြစ်ရရှိနိုင်ရေး အစီအမံများကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသားအစီအစဉ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ မဟာစီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားညှိနှိုင်းရေးမှူးများနှင့် ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ယှက်နွယ်မှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့် ဂျပန်လုပ်ငန်းအဖွဲ့အကြား ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဓာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁း၅၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ခွဲခွာခြင်းလက်ဆောင်**
၁၃း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း- ၉)

ညပိုင်း

၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	ဘဝကြေးမုံ **ကျွန်တော်နှင့်သူမ** [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ**(အပိုင်း-၁၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၅) ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးရဲ့လင်းသံစဉ်**(အပိုင်း-၁၁)

❖ *ရှေ့ဖုံးမှ*

အကြောင်းမှာ အမေရိကန်လေတပ်မှ ဗိုလ်မှူးကြီးဂျိုးကစ်တင်ဂါသည် ၁၉၆၁ ခုနှစ်က ဝေဟင်အမြင့် ၁၀၂၈၀၀ ပေမှ အလွတ်ခုန်ချပြီး ဂင်းနက်စ်မှတ်တမ်းတင်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ဩစတြေးလျနိုင်ငံသား ဖီးလစ်ဘမ်ဂါနာသည် မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် မိုးပျံအဆောက်အအုံပေါ်မှနေ၍ အလွတ်ခုန်ချပြီး မြေပြင်အနီးရောက်မှ လေထီးဖွင့်ဆင်းသက်နိုင်ခဲ့သဖြင့် ကမ္ဘာကျော်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အမှာစကားပြောကြား

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

❒ *ကျောဖုံးမှ*

ယခင်ရက်ပိုင်းများက မြို့နယ်အချို့တွင်လောင်ကျွမ်းခဲ့သော မီးလောင်မှုအများစုမှာ ဝိုင်ယာရှော့ခ်မှ ဖြစ်ခဲ့သော်လည်း ယခုမူ ပေါ့ဆမီးကြောင့် ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ ပေါ့ဆမီးကြောင့် ပုံပါအတိုင်း ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်ကို သင်ခန်းစာယူဖွယ် တွေ့မြင်ကြရမည်ဖြစ်သည်။ **(အပေါ်ပုံ)** **(၁၆၄)**

တာဝန်ယူမှုနှင့်ဆင်ခြင်တုံတရားတို့ဖြင့် လွတ်လပ်စွာ မီဒီယာခရီးသွားကြမည်

လှိုင်ဘွား(ပါရမီ)

ဘူတာခုံတန်းမှာ မိမိစီးရမည့်ရထားကို ထိုင်စောင့်ရင်း ဘူတာစကြံတွင် တပ်ဆင်ထားသည့် TV မှာ ပြသနေသော ကြော်ငြာဇာတ်လမ်းတိုလေးများကို ငေးနေမိရာမှ ရထားမထွက်မီ ထမင်းစားရန်ပင် မေ့လျော့ပြီး ရထားဆိုက်မှပင် ဝမ်းကိုစမ်းမိတော့သည်။ ကြော်ငြာတို့က သူတို့ကိုယ်စားပြု လူသိစေသော ပစ္စည်းတို့ကို ကောင်းကြောင်း၊ သင့်ကြောင်း ညွှန်းဆိုနေပေရာ အငြင်းပွားဖွယ်ရာများ ပါဝင်နေသည့်တိုင် ဆွဲဆောင်နိုင်အားကြီးမားသည်မို့ မျောပါသွားသည်ကတော့ အမှန်ပင်။ ထိုမှအစ မီဒီယာ၏ရှေ့ခရီးကို နိုင်သမျှဗဟုသုတနှင့် တွေးတောချိန်ဆမိသည်။ မီဒီယာသည် ယနေ့အခါတွင် တဖြည်းဖြည်း သြဇာကြီးကာ ပို၍လည်း အရေးပါလာလျက်ရှိပြီး နည်းပညာတိုးတက်မှုနောက်တွင် မီဒီယာတို့၏ ပျံ့နှံ့မှုကလည်း လျင်မြန်လာခဲ့ရာ ကမ္ဘာ့အရှေ့ဖျားမှ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျား စသည်ဖြင့် ကမ္ဘာ့မည်သည့်ဒေသတွင်မဆို ဖြစ်ပျက်သမျှအကြောင်းအရာတို့သည် ကျန်အစိတ်အပိုင်းများဆီသို့ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ပျံ့နှံ့ရောက်ရှိရာမှ ကမ္ဘာ့ဖြစ်စဉ်များအပေါ် မီဒီယာ၏ လွှမ်းမိုးမှုက သြဇာကြီးလာခြင်းပေတည်း။ ပျံ့နှံ့ချိန်က လျင်မြန်လွန်းသကဲ့သို့ ပျံ့နှံ့မှုဧရိယာသည်လည်း လွန်စွာကြီးမားကျယ်ပြန့်ပေသည်။

ထိုသို့ ပျံ့နှံ့ရောက်ရှိသွားသော မီဒီယာတိုင်းက လူတိုင်းကို ကောင်းကျိုးချမ်းသာပေးသည်တော့မဟုတ်။ သက်ဆိုင်ရာတိုင်း နိုင်ငံအသီးသီးမှ ပြည်သူများကို မှန်မှန်ကန်ကန် အကျိုးသက်ရောက်စေသည်များရှိသကဲ့သို့ မမှန်မကန်အကျိုးသက်ရောက်စေသည်များလည်း ရှိသည်။ ထိုမှန်ခြင်း မမှန်ခြင်းကား ဖန်တီးလိုက်သော လူပုဂ္ဂိုလ်တို့အပေါ်တွင် တည်မှီနေသည်။ ပျံ့နှံ့သွားသော မီဒီယာတို့အနက် အချို့မှာ အမှန်တရားတို့ ပါဝင်သကဲ့သို့ အချို့မှာမူ ဖန်တီးသူများ(သို့မဟုတ်)ကြားဝင်သယ်ပို့သူများက လိုရာပုံသွင်းထားသည့် အဆိပ်အတောက်လွှမ်းသည့် အကြောင်းအရာများလည်း ပါဝင်သွားကြသည်။ ထို့ကြောင့် မီဒီယာ၏ သက်ရောက်မှုအကျိုး၊ အပြစ်များမှာ မီဒီယာကို ကိုင်တွယ်ဖန်တီးသူများ၊ ပုဂ္ဂိုလ်များပေါ်တွင် တည်မှီနေပေသည်။

စတုတ္ထမဏ္ဍိုင်အဖြစ် အများက ယုံကြည်လက်ခံထားကြသည့် မီဒီယာသည် အရေးလည်းကြီး သြဇာတိက္ကမလည်း ကြီးလှပေရာ ဘက်မလိုက်ဘဲ ဖြောင့်မတ်မှန်ကန်ရန်လည်းအရေးကြီးလှပေသည်။ မီဒီယာတစ်ခုသည် အမှန်တရားကို ဦးတည်ခြင်းမပြုဘဲ ဘက်လိုက်မှုပြုပြီဆိုသည်နှင့် မီဒီယာ၏ မူလသဘောသဘာဝမှ ရွေ့လျောလျက် ဘက်လိုက်သူ၏လိုလားချက်များ၊ ၄င်းကိုယ်တိုင်ပုံသွင်းထားသည့် အကြောင်းအရာများ လွှမ်းမိုးသွားကာ မီဒီယာ၏ ရည်မှန်းပရိသတ်ဖြစ်သူ ပြည်သူများအပေါ်တွင် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပေသည်။

ထို့ပြင် အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြရာတွင် ရှုထောင့်တစ်ခုတည်းမှ ဖော်ပြမှုမပြုဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြရန် လိုအပ်ပေသည်။ ပမာပြုရလျှင် ဆင်ကိုစမ်းမိကြသော မျက်မမြင် ပုဏ္ဏား(၆)ယောက်ကဲ့သို့ပင်တည်း။ ဆင်၏နှာမောင်း၊ နားရွက်၊ ဝမ်းဗိုက်၊ ခြေထောက်၊ အမြီးနှင့် အစွယ်တို့ကို အသီးသီးစမ်းသပ်လျက် မိမိထင်ရာတို့နှင့် တူသည်ဟုဆိုကြကုန်သော ပုဏ္ဏားတို့၏ အမြင်မျိုးတို့နှင့် အကြောင်းအရာတစ်ရပ်ကို ရှုထောင့်တစ်ခုတည်း၊ မိမိလိုရာတစ်ဖက်တည်းမှ ရေးသားဖော်ပြရန်မသင့်ဘဲ ဘက်စုံထောင့်စုံ အထက်အောက် ဘေးဘယ်ညာအကုန်လုံးမှ ရှုမြင်သုံးသပ်ဖော်ထုတ်ပြီးမှသာ ရေးသားဖော်ပြသင့်ပေသည်။

ဒီမိုကရေစီကျင့်စဉ်အရ မီဒီယာတို့၏သဘောသဘာဝသည် လွတ်လပ်မှုရှိရမည်ဟု ဆိုကြပေသည်။ သို့သော် မီဒီယာက ထိုလွတ်လပ်မှုကိုကျင့်သုံးသည့်အခါ လွတ်လပ်မှုတစ်ခုတည်းဖြင့် စစ်မှန်သည့် မီဒီယာမဖြစ်နိုင်။ လွတ်လပ်မှုနှင့်အတူ တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ကိုပါ ပေါင်းစပ်ကျင့်သုံးရပေမည်။ အချို့က မီဒီယာနှင့်ပတ်သက်၍ လွတ်လပ်မှုကိုသာ တောင်းဆိုတတ်ကြပြီး တာဝန်ယူမှုအပိုင်းကိုမူ ထုတ်ဖော်မပြောကြ၊ အလေးအနက်မထားကြ။ အလားတူပင် လွတ်လပ်မှုကိုသာ တောင်းဆိုကြပြီး လွတ်လပ်မှုနှင့်ယှဉ်တွဲနေရမည့် ဆင်ခြင်တုံတရားကိုမူ လေးလေးနက်နက် မဆင်ခြင် မတွေးဆချင်ကြ။ ဆင်ခြင်တုံတရားဟူသည် အမှန်တကယ်လိုက်နာကျင့်သုံးသင့်သည့် Ethics ဟု ခေါ်သော ကျင့်ဝတ်ပင် ဖြစ်သည်။ မည်သည့်ကိစ္စကိုဖြစ်စေ ဥပဒေနှင့်ပြဋ္ဌာန်းရာတွင် အကြောင်းအရာ အားလုံးပါဝင်အောင်၊ ထောင့်စေ့အောင် ပြဋ္ဌာန်းရန် ခက်ခဲနိုင်ပေသည်။ သို့ဖြစ်ရာ ထိုသို့ ဥပဒေနှင့် ပြဋ္ဌာန်း၍မရနိုင်သည့် အကြောင်းအရာများကို ဆင်ခြင်တုံတရားနှင့်သာ ထိန်းကျောင်းရပေမည်။

ထို့ကြောင့် မီဒီယာတို့အနေဖြင့် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးလုပ်ဆောင်ရန် လိုအပ်သည်။ မီဒီယာ၏ အကယ်စင်စစ် Mission နှင့် Role သည်ကား ပြည်သူတစ်ရပ်လုံးကို အသိပေးခြင်းပင်ဖြစ်သည်။ ဤတွင် ပြည်သူဟူသော စကားရပ်၌ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ NGO များနှင့် တိုင်းရင်းသားပြည်သူများ ပါဝင်ပေသည်။ ထိုသို့ ပြန်ကြားအသိပေးကြရသည့် မီဒီယာသမားများ၏ အမြင်သဘောထား Concept တို့ကား ဒီမိုကရေစီအရကွဲပြားခွင့်ဆိုသည်ကို လက်ခံသည်။ သို့သော် Unity ဆိုသည်ကိုလည်း မျှော်မှန်းသင့်သည်။ ပြည်သူများအတွင်း၌လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွင်း၌ လည်းကောင်း၊ နိုင်ငံရေးသမားများအတွင်း၌လည်းကောင်း ဒီမိုကရေစီအယူအဆ အတွေးအခေါ်အရ ကွဲပြားမှုများ၊ အယူအဆကွဲပြားမှုများရှိနိုင်သကဲ့သို့ Unity ဟူသည့် Concept လည်းရှိရန် လိုအပ်ပေသည်။ ထိုနည်းတူ မီဒီယာသမားများသည် ပြည်သူတစ်ရပ်လုံး၊ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးခေါင်းဆောင်များကိုပါ အသိပေးနေရသည့်၊ ပြန်ကြားပေးနေရသည့် အဖွဲ့အစည်းဖြစ်ရာ ထိုပုဂ္ဂိုလ်များ၏ Concept မှာပင်လျှင် Unity in Democracy ရှိရပေမည်။ ရှိလည်း ရှိသင့်ပေသည်။ ထိုသို့ Unity in Democracy ဟူသော Concept ရှိရန်အတွက် မီဒီယာသမားများတွင် အမျိုးသားရေးဟူသော Common Ground ရှိရန်လိုသည်။ အမျိုးသားရေးသည် မီဒီယာသမားများ၏ Common Ground ဖြစ်သင့်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မီဒီယာလွတ်လပ်ခွင့်ကို ဖော်ဆောင်ပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးကတည်းကပင် ခြေလှမ်းစတင်ခဲ့သည်ကို တွေ့နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးချိန်တွင် မြန်မာ့မီဒီယာသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲရမည်ဟု ကြိုတင်မျှော်တွေးပြီး အဆင့်(၃)ဆင့်ပါ Media Reform ကို စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

အဆင့်(၁)မှာ စာပေစိစစ်ရေးမှုများကို ဖြေလျှော့ပေးခြင်းနှင့် ယနေ့ထုတ်ဝေနေကြသည့် ဂျာနယ်၊ မဂ္ဂဇင်းများကို မူဘောင်များနှင့်အညီ လွတ်လပ်ခွင့်ပေးခြင်းဖြစ်သည်။ အဆင့်(၂)မှာ ထိုသို့ ဆောင်ရွက်ရင်းဖြင့် တစ်ဖက်တွင် အခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိသည့် မီဒီယာဥပဒေရေးဆွဲရန်ဖြစ်ကာ အဆင့်(၃)မှာမူ ယင်းမီဒီယာဥပဒေအတည်ပြုပြီးသည့်အခါ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ ယနေ့ လက်တွေ့အကောင်အထည်ဖော်မှုတွင် ယခင်က သတ်မှတ်ထားသည့် စာပေစိစစ်ရေး အခြေခံမူ(၂၂)ချက်နှင့် အသေးစိတ်မူအချက်(၇၀)ခန့်မှ အများစုကို ပယ်ဖျက်ပေးကာ ပိုမိုပွင့်လင်းသည့် လွတ်လပ်ခွင့်ဘောင်အတွင်းတွင် ဂျာနယ်များ၊ မဂ္ဂဇင်းများ ရေးသားခွင့်ရနေပြီဖြစ်ကြောင်း တွေ့ရသည်။ တစ်ဖက်တွင် ဤသို့လွတ်လပ်ခွင့်ရလာသကဲ့သို့ တစ်ဖက်တွင်လည်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား တွဲ၍တာဝန်ယူသည့် အလေ့အကျင့်ရစေရန် စည်းရုံးဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရပေသည်။

တစ်ဖက်က ဤသို့ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း ယခင်က ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်များအားလုံးအနေဖြင့် စာမူကြမ်းကို စာပေစိစစ်ရေးသို့တင်ပြပြီး စာပေစိစစ်ရေးက စိစစ်ခွင့်ပြုသည့် အခါကျမှသာ ထုတ်ဝေခွင့်ရခဲ့သော်လည်း ယခုအခါ စာပေအမျိုးအစား (၆)မျိုးကို လွတ်လပ်စွာ ထုတ်ဝေခွင့်ပေးထားပြီဖြစ်သည်။ ယင်းစာပေအမျိုးအစား (၆)မျိုးသည် ဖြေလျှော့ပေးထားသည့် စာပေစိစစ်ရေးမူများအတွင်းတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားဘောင်အတွင်းမှ လွတ်လပ်စွာရေးနိုင်ကြပြီဖြစ်သည်။ စာပေစိစစ်ရေးသို့တင်ပြရန် မလိုတော့။ ယခုအခါ ပညာရေးနှင့်ပတ်သက်သည့်စာပေကိုလည်း လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပေးနေပြီဖြစ်ရာ စာပေအမျိုးအစား(၇)မျိုးအထိ တိုးမြှင့်ဖြေလျှော့ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ တိုးမြှင့်ဖြေလျှော့ပေးနေခြင်းသည် သက်ဆိုင်ရာ မီဒီယာဥပဒေပေါ်ပေါက်လာချိန်တွင် မီဒီယာသမားများအနေဖြင့် အလိုက်သင့် အံဝင်ခွင်ကျ ဆက်လက်ဆောင်ရွက်သွားနိုင်စေရန် ရည်မှန်း ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

တစ်ပြိုင်နက်တည်းမှာပင် အဆင့်(၂)ဖြစ်သည့် မီဒီယာဥပဒေရေးဆွဲခြင်းသည်လည်း အကြမ်းအဆင့် ရေးဆွဲပြီးဖြစ်နေပေပြီ။ ယင်းဥပဒေကို ရေးဆွဲရာတွင်လည်း တာဝန်ရှိသူများအား အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ မီဒီယာဥပဒေများကို လေ့လာစေခြင်း၊ နိုင်ငံတကာမီဒီယာနှင့် သတင်းမီဒီယာနှင့် ပတ်သက်သည့် Seminar များ၊ Workshop များသို့ တက်ရောက်စေခြင်းဖြင့် အတွေ့အကြုံများရယူစေခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်များအပေါ် အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လည်းကောင်း၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများနှင့်လည်းကောင်း ကိုက်ညီအောင် ရေးဆွဲခဲ့ပြီး ရှေ့နေချုပ်ရုံး၏ အကြံပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ မကြာခင်တွင်လည်း Seminar on Media Development in Myanmar ဆိုသည့် ခေါင်းစဉ်ဖြင့် UNESCO မှ ပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များ ပူးပေါင်းကာ Seminar တစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ယင်းနောက်တွင်မှ မီဒီယာဥပဒေကို အသင့်မြတ်ဆုံးဖြစ်အောင် ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုသို့ စနစ်တကျ ပြုစုရေးဆွဲထားခြင်းဖြစ်၍ နောင်တွင်ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံ၏ မီဒီယာဥပဒေသည် အာဆီယံနိုင်ငံများ၏ မီဒီယာဥပဒေများထက် မနိမ့်ကျကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပေသည်။

တတိယအဆင့်အားဖြင့် ယင်းဥပဒေ အတည်ဖြစ်လာချိန်တွင် မြန်မာ့မီဒီယာလောကသည်လည်း ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆက်လက် ဆောင်ရွက်ခွင့်ရကြမည်ဖြစ်ပေသည်။ ဥပဒေအတည်မပြုနိုင်မီကတည်းက ယခုကဲ့သို့ ပြုပြင်ပြောင်းလဲ လေ့ကျင့် ကျင့်သုံးစေခြင်းဖြင့် ဥပဒေအတည်ဖြစ်ချိန်တွင် မီဒီယာလောကသားများ၏ ဆောင်ရွက်မှုများသည်လည်း ဥပဒေနှင့်အညီ ထပ်မံပြုပြင်လိုက်နာရန်မလိုတော့ဘဲ အချိန်ကိုက် တစ်သားတည်း ဖြစ်သွားရန်ရည်မှန်းထားသည်။ ဥပဒေထွက်လာချိန်ကျမှ စတင်ပြောင်းလဲ ကျင့်သုံးရပါက အခက်အခဲများ များစွာတွေ့ကြုံရမည့်အခြေအနေကို ရှောင်လွှဲနိုင်ရန် တင်ကူးစီမံ ဆောင်ရွက်ထားခြင်းပင် ဖြစ်သည်။

ပြီးခဲ့သည့်ခေတ်များတွင် ကွန်မြူနစ်တို့သည်လည်းကောင်း၊ ဆိုရှယ်လစ်တို့သည်လည်းကောင်း ဒီမိုကရေစီကို လိုရာဆွဲ၍ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ကျင့်သုံးသွားခဲ့ကြပြီး မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ မကျင့်သုံးနိုင်ခဲ့သဖြင့် ယင်းခေတ်က ပေါ်ထွန်းခဲ့သည့် စာပေစာနယ်ဇင်းလောကကိုကြည့်လျှင် စတုတ္ထမဏ္ဍိုင်၏ အနှစ်သာရနှင့်အညီ ဆောင်ရွက်သွားနိုင်ခြင်း မရှိခဲ့သည်ကို တွေ့ရပေသည်။ မီဒီယာအဖွဲ့အစည်းပေါင်း(၂၀)ကျော် အပြိုင်အဆိုင်ဖွဲ့ခဲ့ကြသော်လည်း ယင်း(၂၀)ကျော်သော အဖွဲ့အစည်းတို့သည် အမျိုးသားအကျိုးစီးပွားထက် ၎င်းတို့၏ လူပုဂ္ဂိုလ်အကျိုး၊ ဝါဒအကျိုး၊ ပါတီအကျိုး စသည်ဖြင့် လိုရာဆွဲ၍ သုံးခဲ့ကြသည်ကို တွေ့ရပေသည်။ ပြည်သူတို့သည်လည်း မီဒီယာ၏လမ်းမှားရာနောက်သို့ အယောင်ယောင်အမှားမှားဖြင့် လိုက်ပါသွားခဲ့ကြရပြီး ယင်းခေတ်ယင်းကာလတွင် ဒီမိုကရေစီ၏အကျိုးကို ထိထိရောက်ရောက်ခံစားရခြင်း မရှိခဲ့သည်မှာ အားလုံးလက်တွေ့မျက်မြင်ပင် ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်တွင် ယင်းဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် ဆောင်ရွက်ရမည့်သူများမှာ အစိုးရ၊ လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများ၊ NGO အဖွဲ့အစည်းများဖြစ်ကြပြီး စာပေစာနယ်ဇင်းဆိုသည့် စတုတ္ထမဏ္ဍိုင်သည်လည်း ပါဝင်ဆောင်ရွက်ရပေမည်။ ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်ဟူသော စာပေစာနယ်ဇင်းများအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် နိုင်ငံ၏မဏ္ဍိုင်(၃)ရပ် တည့်မတ်မှန်ကန်စေရန် ထိန်းမတ်ပေးရပေမည်။ ကျန်မဏ္ဍိုင်(၃)ခုသည်လည်း ၎င်းတို့ဘာသာ ၎င်းတို့တည့်မတ်ရန် အမျိုးသားအကျိုးစီးပွားကိုအခြေခံကာ ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးရင်း တည်ဆောက်ရပေမည်။ ထိုသို့ တည်ဆောက်သကဲ့သို့ အချင်းချင်းအပြန်အလှန်လည်း ထိန်းညှိပေးရမည် ဖြစ်သည်။

ဤနေရာတွင် ပြည်သူကိုလည်း ချန်ထား၍ မရပေ။ ဥပဒေပြုအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တရားစီရင်ရေးအဖွဲ့များကို ပြည်သူက ရွေးချယ်ခဲ့သည်ဖြစ်ရာ ပြည်သူတို့၏ကဏ္ဍက အရေးကြီးပေသည်။ သို့ဖြစ်ရာ မဏ္ဍိုင်ကြီး(၄)ရပ်သာမက (၅)ရပ်ရှိသည်ဟုပင် ယူဆနိုင်ပြီး ယင်း ထပ်တိုးပဉ္စမ မဏ္ဍိုင်သည်ကား ပြည်သူများဖြစ်သင့်ပေသည်။ သို့ဖြစ်ရာ ပြည်သူများကိုယ်တိုင်က ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိကျင့်သုံးနိုင်စေရေး ဆောင်ရွက်ပေးရန် လိုအပ်ပေမည်။ မြန်မာပြည်သူများအပါအဝင် ယနေ့ ကမ္ဘာ့ပြည်သူများသည် အသိ၊ ဗဟုသုတ၊ အမှား အမှန်ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်း၊ Wisdom ဖြင့် ဆုံးဖြတ်နိုင်စွမ်း နည်းပါးကာ ဆွဲဆောင်ရာနောက်သို့ အလွယ်လိုက်ပါသွားတတ်ကြကြောင်း၊ Emotion နှင့် ဆုံးဖြတ်သွားတတ်ကြကြောင်း တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်၍ စတုတ္ထမဏ္ဍိုင်သည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်စေရေးအတွက် ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဥပဒေပြုရေးအဖွဲ့၊ တရားရေးအဖွဲ့၊ ပါတီများနှင့် နိုင်ငံရေးသမားများကို တတ်နိုင်သမျှ ထိန်းကျောင်းဆောင်ရွက်သွားရမည်ဖြစ်ပေသည်။ သို့ဖြစ်ရာ ယင်းသို့ ထိန်းကျောင်းပေးရမည့် စတုတ္ထမဏ္ဍိုင်ကိုယ်တိုင်ပင်လျှင် စတုတ္ထမဏ္ဍိုင်၏ အရည်အသွေးပြည့်ရန်၊ စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နိုင်ရေး တည်ဆောက်ရန် လိုပေမည်။

သို့ဖြစ်ရာ ယနေ့ မီဒီယာလောကတွင်ရှိနေသည့် မီဒီယာသမားများ အားလုံး၏ အရည်အသွေး Capacity Building ကို မြှင့်တင်ရန် လိုပေမည်။ ထိုသို့ မြှင့်တင်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီလည်း လိုအပ်ပေသည်။ သို့သော် ပံ့ပိုးကူညီမှုသာလိုအပ်ခြင်းဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင်မူ မိမိမီဒီယာ၏ ကိုယ်ပိုင်ပကတိအမြင်နှင့်သာ ဆောင်ရွက်သင့်ပေသည်။ မြန်မာ့မီဒီယာတွင် အရပ်မျက်နှာပေါင်းစုံမှ အရောင်အသွေးတို့ လာရောက်စုပေါင်း ရောယှက်စွန်းထင်း ပေကျံမှုမရှိသင့်ကြောင်း သုံးသပ်ရှုမြင်မိပေသည်။

မိမိတို့၏ ဒီမိုကရေစီရေးကား ယခုမှ တစ်နှစ်ပြည့်ရုံသာရှိသေးလျက် အလွန်နုနယ်သေးသည်။ အနောက်ကမ္ဘာတွင်မူ ဒီမိုကရေစီကိုစခဲ့ကြသည်မှာ နှစ်ပေါင်းရာချီနေပြီဖြစ်သည့်အလျောက် ယင်းနိုင်ငံများမှ ပြည်သူများ၊ ပါတီများ၊ နိုင်ငံရေးသမားများ အားလုံးသည်လည်း သင့်တင့်လျောက်ပတ်စွာ ရင့်ကျက်နေကြပေပြီ။ မိမိတို့တွင်မူ ဒီမိုကရေစီနှင့်ပတ်သက်၍ ပြည်သူအတွင်း၌လည်းကောင်း၊ နိုင်ငံရေးသမားများအတွင်း၌လည်းကောင်း၊ မီဒီယာသမားများအတွင်း၌လည်းကောင်း ရင့်ကျက်မှု အမှန်ပင် လိုသေးသည်။ သို့ဖြစ်၍ အရာရာတွင် ယင်းနိုင်ငံတို့နှင့် တစ်ထပ်တည်းကျရန်မှာ ယနေ့အခါ ခက်သေးသည်။ သို့သော် မိမိတို့ မြန်မာများမည်သို့၊ အရိပ်ပြလျှင် အကောင်မြင်တတ်သူများပီပီ လေ့လာစရာရှိသည်များလေ့လာရင်း၊ အတုယူသင့်သည်များ အတုယူရင်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို လက်ကိုင်ထားသည့် မီဒီယာရထားထိန်း၏ စောင့်ရှောက်မှုများဖြင့် ဒီမိုကရေစီအမြန်ရထားကို များမကြာမီအတွင်း အသားကျစီးနင်းလိုက်ပါနိုင်ပေလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

လက်ခံယူ

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အရှေ့ဘက်မုခ်တွင် ကျပ်သိန်း ၂၀၀၀ အကုန်ကျခံတည်ဆောက်မည့် ဓာတ်လှေကားသစ်အတွက် မတ် ၁၃ ရက်က မော်လမြိုင်မြို့ အမှတ်(၂)ဈေးသူဈေးသားများမိသားစုက ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်လက်ခံယူစဉ်။ (၁၀၇)

ပေးအပ်

ကြာအင်းဆိပ်ကြီးမြို့နယ် ကျခတ်ချောင်းကျေးရွာတွင် မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မတ် ၆ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဆင့်က ဒေသခံပြည်သူများထံ ပေးအပ်စဉ်။

(မြို့နယ်လဝက)

အသိပညာပေးဟောပြော

ညောင်လေးပင်မြို့နယ် တောဝိစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအိမ်ရာလွှဲပြောင်းပေးအပ်ပွဲနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က အဆိုပါ ကျန်းမာရေးဌာနအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဝင်းရွှေဝင်းက HIV, AIDS, TB နှင့် ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

ကျေးရွာချင်းဆက်တံတား ပြန်လည်ပြုပြင်

မော်လူး မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သက်ရင်းတာရွာနှင့် ကူးဆိပ်ခိုးကောင်ရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရွှေလေးတန် ချောင်းကူးတံတားကြီးကို ဖေဖော်ဝါရီ ၂၆ ရက်က အသစ်တစ်ဖန်ပြန်လည်ဆောက်လုပ်ခဲ့သည်။

အဆိုပါ တံတားကြီးသည် အလျား ၁၇၁ ပေ၊ အနံ ၁၅ ပေ ၉ လက်မ၊ အမြင့် ပေ ၂၀ရှိပြီး ကုန်ကျငွေကျပ် ၆၁ သိန်း နှစ်သောင်းကျော်ဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ) (၁၇၁)**

ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို မတ် ၁၀ ရက်က နောင်တပွဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသန်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (မြို့နယ် လဝက)

မြန်မာ့အလင်း မှုခင်းသတင်း

အမျိုးသမီးတစ်ဦး ဆိုင်ကယ်နောက်မှပြုတ်ကျသေဆုံး

အိမ်မဲ မတ် ၁၇

မတ် ၉ ရက် ညနေ ၃ နာရီခန့်တွင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ရေနက်ကွင်းကျေးရွာနေ ကိုကျော်လင်း အသက်၃၅နှစ် (ဘ) ဦးအိုက်ခမ်း မောင်းနှင်လာသော၁၈/ယ. . . ကင်ဘို၁၂၅အနက်ရောင်ဆိုင်ကယ်၏ နောက်မှ ဒေါ်စိန်ရွှေ ၅၂ နှစ် (ဘ)ဦးရွှေလူ ချောင်းဝကျေးရွာ အိမ်မဲမြို့နေသူက လိုက်ပါစီးနင်း၍ အိမ်မဲမြို့မှပန်းတနော်ကားလမ်းအတိုင်း မောင်းနှင်လာရာ မနန်းဒွေး တံတားအနီးအရောက်၌ ဒေါ်စိန်ရွှေမှာ ဆိုင်ကယ်နောက်ခုံမှပြုတ်ကျသဖြင့် ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

ဆိုင်ကယ်က နွားကိုဝင်တိုက်၊ ဆိုင်ကယ်စီးသူများဒဏ်ရာရ

မိတ္ထီလာ မတ် ၁၇

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာတွင် မတ် ၁ ရက် ညနေက ကန်ပတ်လည်ကျေးရွာနေ မောင်မျိုးသက် ၁၈နှစ်သည် နံပါတ်မပါ နယူးကင်ဘို- ၁၂၅ အနက်ရောင်ဆိုင်ကယ်နောက်မှ မောင်ခိုင် ၁၈ နှစ်အားတင်၍ စီးလာစဉ် လမ်းဖြတ်ကူးလာသောနွားအား အရှိန်မထိန်းနိုင်ဘဲ တိုက်မိရာ ဆိုင်ကယ်မှာ လမ်းပေါ်လဲကျပြီး ဆိုင်ကယ်စီးသူနှစ်ဦးစလုံး ဒဏ်ရာများရရှိသွားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၇-၃-၂၀၁၂

ကိုလင်း ➢ စုစည်းသည်

ဆရာပါရဂူ၏ လေးဆူဓာတ်ပုံရွှေတိဂုံ စာအုပ်ထုတ်ဝေ



စာရေးဆရာကြီး ဆရာပါရဂူ ရေးသားထားသော လေးဆူဓာတ်ပုံ ရွှေတိဂုံစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါ စာအုပ်သည် ဆရာပါရဂူ နောက်ဆုံးရေးသားခဲ့သည့် စာအုပ်များထဲမှ တစ်အုပ်ဖြစ်သည်။ ၁၉၆၀ ပြည့်ဝန်းကျင်မှ စတင်ရေးသားခဲ့ပြီး မကွယ်လွန်မီမှသာ အဆုံးသတ်ခဲ့သော စာအုပ်ဖြစ်သည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်အကြောင်းကို သမိုင်းအစမှ ယနေ့ခေတ် မြင်တွေ့နေရသော သာသနိကအဆောက်အအုံ တန်ဆောင်း၊ စောင်းတန်းများအထိ သမိုင်းမှတ်တမ်းများသာမက ဘာသာရေးရှုထောင့်မှပါ လေ့လာဆန်းစစ်၍ ရေးသားထားသည်။ ခရစ်နှစ် ၁၈၀၀ကျော်မှ ယခုခေတ်အထိ ရှားပါး သမိုင်းမှတ်တမ်းဓာတ်ပုံ ၁၅၀ကျော် ပါဝင်သည်။ အဆိုပါစာအုပ်သည် သာမန်ကျမ်းမျိုးမဟုတ်ဘဲ သုတေသနဆန်သော သမိုင်းစာအုပ်မျိုး ဖြစ်သည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုး ငွေကျပ် ၇၅၀၀ဖြင့် ဖြန့်ချိထားသည်။

၂၁ ရာစု ကွန်ပျူတာအဘိဓာန်စာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာ မောင်ထူးချွန် ပြုစုသော ၂၁ရာစု ကွန်ပျူတာအဘိဓာန် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကွန်ပျူတာနယ်ပယ်၌ လက်တွေ့အသုံးတွင်ကျယ်သည့် ခေတ်သစ်ကွန်ပျူတာဝေါဟာရများအပြင် အင်တာနက်နှင့်ပတ်သက်သော စကားလုံးများ၊ ICTနှင့်ပတ်သက်သော စကားလုံးသစ်များ၊ Networking နှင့်ပတ်သက်သော စကားလုံးများနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာ ဝေါဟာရပေါင်း ၄၀၀၀ ပါဝင်သည်။ ဝေါဟာရများကို ကျစ်လျစ်ခိုင်မာ ပြည့်စုံစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် နည်းပညာဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ ပထမထပ်(ဝဲ) ၃၉လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃မှ တန်ဖိုး ငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိထားသည်။

Android ပေါ်မှ လက်တွေ့သုံးနည်းပညာ စာအုပ်ထုတ်ဝေ

စာရေးဆရာသန်းထိုက်(ရွှေရိပ်) ရေးသားသော Android ပေါ်မှ လက်တွေ့သုံးနည်းပညာ စာအုပ်ထွက်ရှိလာသည်။ Smart Phone အမျိုးမျိုးနှင့် Tablet အမျိုးမျိုးတွင် လက်တွေ့သုံးနိုင်ရန် ပြည့်စုံစွာ ရှင်းပြထားသည့် နည်းပညာ စာအုပ်ဖြစ်သည်။ Android Mobile OS ကို အသုံးပြု မောင်းနှင်သော Smart Phone အားလုံးနီးပါးတွင် အသုံးပြုနိုင်ရန်လိုအပ်သောSoftware များမှအစ ပြည့်စုံစွာပါရှိသည်။ Smart Phone အမျိုးမျိုးကို ပုံများနှင့်တကွ အသေးစိတ်ရှင်းပြထားသည်။ မြန်မာစာသွင်းနည်းများ၊အင်တာနက် ချိတ်ရန်မလိုဘဲ GPS မြေပုံကူးထည့်ပုံများနှင့် Application အမျိုးမျိုးကို လက်တွေ့ရှင်းပြထားသည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ ပထမထပ်(ဝဲ) ၃၉ လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

တံငါသည် ရေနစ်ပြီ အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ မောင်အောင်(မွေး-ကု) ရေးသားသည့် တံငါသည် ရေနစ်ပြီ အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဝက်နားရွက်ပြာရောဂါ သတိပြုစရာ၊ မြန်မာကို ကမ္ဘာကသိစေပြီ၊ ဇွဲကပင်မြေမှ မွေးမြူရေးဇုန်များ၊ ခွေးရူးရောဂါ အန္တရာယ် စုပေါင်းကာကွယ်၊ ငါးဈေးကွက်မှ ဟာနေသည့် ကွက်လပ်များ၊ ရေမြင့်မှ ကြာတင့်တယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး နို့စားနွားတွေ တိုးချဲ့မွေး၊ ရိုးပြတ်တောထွက် စပါယ်ရှယ် ဩဂဲနစ်ကြယ် စသည့် သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး ၂၅ ပုဒ်ကို စုစည်းဖော်ပြထားသည်။ အဆိုပါစာအုပ်ကို နေမျိုးပဒေသာစာပေမှ ကျပ် ၁၅၀၀ နှုန်းဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁၇

ဘဝအလင်းရောင်စာကြည့်တိုက် မိုးညိုမြို့နယ်၌ဖွင့်

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြောက်လုတ်ကုန်းအုပ်စု မြောက်လုတ်ကုန်း အင်းဝင်းကျေးရွာတွင် ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ မြောက်လုတ်ကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်း၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(ယာပုံ)***

ထို့နောက် စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ် ၄၀၀ ကို ဦးစီးမှူး ဒေါ်စန္ဒာလင်းက လည်းကောင်း၊ အလှူရှင် ခြောက်ဦးတို့က မှန်ဗီရို ငါးလုံး တန်ဖိုး ငွေကျပ် ၂၅၉၀၀၀၊ အနန္တမေတ္တာ ကရုဏာဖောင်ဒေးရှင်းက ဖိုက်ဘာ ထိုင်ခုံ အလုံး၂၀ တန်ဖိုးငွေကျပ် ၄၄၀၀၀၊ ရှစ်ပေလေးပေစားပွဲရှည် တစ်လုံး တန်ဖိုးငွေကျပ် ၂၅၀၀၀ကို လည်းကောင်း လှူဒါန်းကြသည်။

အဆိုပါအဆောက်အအုံမှာ အလျား ပေ ၂၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၆၇၀၀၀၀ ဖြစ်ကာအနန္တမေတ္တာကရုဏာဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာရောင်ခြည်စာကြည့်တိုက် ကလေးမြို့နယ်၌ဖွင့်

ကလေးခရိုင် ကလေးမြို့နယ် ထောက်ကြန့်ကျေးရွာအုပ်စု စံသာ(အနောက်)ကျေးရွာတွင် ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီနှင့် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ငွေကျပ် ၁၅၀၀၀၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ ဦးကျော်ဆန်းလွင်တို့က ငွေကျပ် ၁၀၀၀၀စီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးက ငွေကျပ် ၃၀၀၀၀၊ မြို့နယ်ဦးစီးမှူး ဦးညီညီဇော်က မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သုတ ရသစာအုပ်မျိုးစုံ ၂၅၀၊ ဦးမြင့်ဝင်း၊ ဦးဖိုးချိုနှင့်ထောက်ကြန့်ကျေးရွာနေ ဦးမြင့်လွင်-ဒေါ်သန်းသန်းအေး (ပါဝါ စားတော်ဆက်)တို့က ဂျာနယ်မျိုးစုံတို့ကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းကြရာ ကျေးရွာတာဝန်ခံ ဦးဆန်းကိမ်းက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ သွပ်မိုး၊ ပျဉ်ခင်း အမျိုးအစားဖြစ်ပြီး ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၉ သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများ ပေးအပ်

နေပြည်တော် မတ် ၁၇

၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်၊ အလှူရှင်များက တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော ရော့သ်မင့်အော့ဖ်ပေါလ်မောလ် မြန်မာပရိုက်ဗိတ်နှင့် အကျိုးတူကုမ္ပဏီလုပ်ငန်းများ၊ ရုံးချုပ်နှင့် ရာနှုန်းပြည့်/ဖက်စပ်/ကုမ္ပဏီလုပ်ငန်းများ၊ ကမ္ဘောဇဘဏ်လီမိတက်၊ မြဝတီထရေးဒင်းလီမိတက်နှင့် အကျိုးတူကုမ္ပဏီလုပ်ငန်းများ၊ ဇေဒင်ကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ထူးထရေးဒင်းကုမ္ပဏီ၊ အော်ရီဂျင်နယ်ကုမ္ပဏီ၊ ရောရွှေဝါကုမ္ပဏီ၊ ဂိုးဒင်းဖလားဝါးကုမ္ပဏီ၊ ဂိုးဒင်းဂိတ်ကုမ္ပဏီတို့က အသီးသီးလှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ၂၀၁၂ ခုနှစ် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်၊ အလှူရှင်များက တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်လည်ပေးအပ်

ဆက်လက်ပြီး ရွှေတောင်ကုမ္ပဏီ၊ နောင်တုံကုမ္ပဏီ၊ ဆောင်းဟေမာန်ကုမ္ပဏီ၊ တကောင်ဘွားကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီ၊ မြန်မာဆန်းစစ်ကုမ္ပဏီ၊ မြန်မာဘရူဝါရီလီမိတက်နှင့် ကုမ္ပဏီလုပ်ငန်းများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ဝင်းဝင်းကုမ္ပဏီ၊ ကေတုမတီကုမ္ပဏီ၊ မြန်မာ့အလှကုမ္ပဏီ၊ ရွှေတောင်ဦးကုမ္ပဏီတို့က အသီးသီးလှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသော (၆၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၂၄ ဦးတို့က စုစုပေါင်းငွေကျပ် ၆၅၀၀၀၀၀၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့က သန်းခေါင်ကျော်မီး ဤသို့ကြောင့် လောင်ကျွမ်းခဲ့ရ

မိတ္ထီလာ မတ် ၁၇

“မိတ္ထီလာမြို့၌ သန်းခေါင်ကျော်မီးလောင်မှုဖြစ်” ခေါင်းစဉ်ဖြင့် မတ် ၁၇ ရက်နေ့ထုတ်သတင်းစာ စာမျက်နှာ ၅ တွင် ကနဦးစက်ရပ်သတင်းအဖြစ် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ မီးလောင်မှုနှင့်စပ်လျဉ်း၍ မီးလောင်ရသည့် အကြောင်းအရင်းကို ထပ်မံသိရှိရသည်မှာ မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ်ကွက် ရတနာလမ်းရှိ နေအိမ်တစ်အိမ်၏ မီးဖိုဆောင် မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် မိသားစုဝင်လူဦးရေ ၄၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၆ ❐

မြန်မာ့အလင်း နိုင်ငံတကာအနုပညာ

ပရိသတ်အနှစ်သက်ဆုံး ရုပ်ရှင်မင်းသမီးလီဒါဟေး

ဆိုးလ် မတ် ၁၇

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီဒါဟေးသည် Miss Ripley အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားမှုမှာ ပရိသတ်များ နှစ်သက်အားပေးမှုများပြားသဖြင့် ၂၀၁၂ ခုနှစ်၌ တောင်ကိုရီးယားတွင် လူကြိုက်အများဆုံး ရုပ်ရှင်မင်းသမီးဖြစ်ကြောင်း အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှ မတ် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး လီဒါဟေး**(ယာပုံ)**သည် Miss Ripley ဇာတ်ကားတွင် ဂျမ်မီရီအဖြစ် သရုပ်ဆောင်ထားပြီး စိတ်ပြောင်းလဲမှုမြန်ဆန်ကာ ဘဝတိုးတက်ရေးအတွက် မာယာအသုံးပြု ဘဝဖြတ်သန်းပုံများကို အချစ်အလွမ်းများဖြင့် ပီပြင်စွာ သရုပ်ဆောင်ထားသူဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်နှင့် နည်းပညာတက္ကသိုလ်များ စာ-၅

အဇာဘိုင်ဂျန်၏ ပထမဆုံးဂြိုဟ်တု လွှတ်တင်မည် စာ-၆

တိုင်တန်းနစ်သင်္ဘောနစ်မြုပ်မှု နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ပစ္စည်းများ အမေရိကန်နိုင်ငံ၌ ပြသ စာ-၆

ဖိလစ်ပိုင်နိုင်ငံ၌ လျှော့လှုပ် ကြောက်လန့်ပြေးသူများတိုက်မိ ဒဏ်ရာရမှုများဖြစ်ပေါ်

မချို - ရေးသားသည်

မနီလာ မတ် ၁၇

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ ဆူရီဂါအိုမြို့တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ လျှော့လှုပ်ခဲ့ရာ ထိခိုက်ဒဏ်ရာရသူ ၄၅ ဦးခန့်ရှိခဲ့သည်။ မတ် ၁၆ ရက် ညနေ ၃ နာရီ ၅၈ မိနစ်တွင် လျှော့လှုပ်ခြင်းဖြစ်ပြီး ဒဏ်ရာရသူ အများစုမှာ ဈေးသွားဈေးလာများဖြစ်ကြောင်း မြို့ပြကာကွယ်ရေးအေဂျင်စီက မတ် ၁၇ ရက်တွင် ပြောကြားသည်။ လျှော့လှုပ်ချိန်တွင် ဂိုင်ဆာနိုဈေးကြီးအတွင်းရှိ ဈေးဝယ်သူအများစုသည် ကြောက်လန့်တကြား ဦးတည်ရာသို့ ထွက်ပြေးကြရာမှ လူများ စုပြုံတိုးဝှေ့တိုက်မိကာ ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အေဂျင်စီမှ စီမံရေးရာအရာရှိတစ်ဦးက ပြောကြားသည်။

ဆူရီဂါအိုမြို့အတွင်း အသစ်ဖွင့်လှစ်ထားသော အဆိုပါ ဂိုင်ဆာနိုဈေးကြီးတွင် လျှော့လှုပ်ချိန်၌ ဈေးဝယ်သူ ၃၀၀၀ ခန့် ရှိနေခဲ့သဖြင့် လူများစုပြုံတိုးဝှေ့မှုဖြစ်ပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြခြင်းဖြစ်သည်။ အများစုမှာ ပွန်းပဲ့ထိခိုက်ဒဏ်ရာရရှိကြပြီး ဆိုးရွားစွာဒဏ်ရာရရှိသူ ငါးဦးခန့်ရှိရာ ထိုသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ လျှော့လှုပ်နေစဉ် လူများ မပြေးသင့်ကြောင်း၊ နီးစပ်ရာ စားပွဲခုံအောက်များတွင် ခိုဝင်နေသင့်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာအားကစား

မောင်ချစ်ကြည် - ရေးသားသည်

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲ အဲဗာတန်နှင့် ဆန်းဒါးလန်း သရေပွဲဖြစ်

လန်ဒန် မတ် ၁၇

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် အဲဗာတန်နှင့် ဆန်းဒါးလန်းတို့ မတ် ၁၇ ရက်ညက ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

အဲဗာတန်အသင်းသည် အိမ်ကွင်း၌ အနိုင်ရရှိရေးပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့သလို ဆန်းဒါးလန်းတို့ကလည်း အချိတ်အဆက်မိမိ လျင်လျင်မြန်မြန် ထိုးဖောက်ကစားမှုကြောင့် ပွဲချိန် ၁၂ မိနစ်၌ပင် ဘက်စလေက အဲဗာတန်ဂိုးဧရိယာ အပြင်ဘက်မှ ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အဖွင့်ဂိုးပေးလိုက်ရသဖြင့် အဲဗာတန်တို့ ချေပဂိုးသွင်းယူနိုင်ရေး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၃ မိနစ်၌ တင်ကာဟေးက ခေါင်းတိုက်

ဂိုးသွင်းယူခဲ့သဖြင့် အဲဗာတန်တို့ ချေပဂိုးရရှိခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဦးဆောင်ဂိုးသွင်းယူနိုင်ရေး အပြန်အလှန် ထိုးဖောက်ကစားပြီး ဂိုးသွင်းရန် ကြိုးစားခဲ့သဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

အဲဗာတန်တို့ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့ရာမှ နဇီးလ်၊ ဟိုက်တင်ဂါနှင့် ဒစ်စတန်တို့ အဝါကတ်မိခဲ့သလို ဆန်းဒါးလန်းမှ ဘင့်တနာနှင့် ဂက်ဒ်နာတို့လည်း အဝါကတ်ထိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***